မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ နယုန်လဆန်း ၁၂ ရက်၊ ၂၀၀၈ခုနှစ်၊ ဇွန် ၁၅ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၇)၊ အမှတ် (၂၅၄)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးသွားသည့် သီးနှံများအတွက် စိုက်ပျိုးရေးလုပ်ငန်းများ ယခုထက်ပိုမိုတိုးချဲ့လုပ်ကိုင်

နိုင်ငံတော်တိုးတက်ဖွံ့ဖြိုးရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

နေပြည်တော် ဇွန် ၁၄

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့ နံနက် ၈ နာရီတွင် မိုင်းဖြတ်-မိုင်းယောင်းလမ်းအဆင့်မြှင့်တင်ဆောင်ရွက်နေမှုနှင့် လမ်းပိုင်းအခြေအနေများကို မော်တော်ယာဉ်များဖြင့်လည်းကောင်း၊ မိုင်းဖြတ်-မိုင်းယောင်းလမ်း မိုင်တိုင်အမှတ်(၁၂)၌ စက်ယန္တရားကြီးများဖြင့် လမ်းပြုပြင်နေမှုအခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

စာမျက်နှာ ၉ ကော်လံ ၁ ●

ဇွန် ၁၄ ရက်က ဘိုကလေးမြို့နယ်အတွင်း လေဘေးဒဏ်ခံရသော ကျေးရွာများရှိ တောင်သူလယ်သမားများ လယ်ယာလုပ်ငန်းခွင်တွင် အသုံးပြုရန် ရောက်ရှိလာသည့် လယ်ယာသုံးထွန်စက်များကို တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

ပို၍ ကံကောင်းကြပါစေ

လေဘေးသင့် ပြည်သူတွေကို ငွေကြေး၊ ပစ္စည်းစသည်ဖြင့် ထောက်ပံ့ကူညီလှူဒါန်းနေကြတဲ့ ပုဂ္ဂိုလ်များဟာ လိုအပ်နေတဲ့အချိန်မှာ လိုအပ်တာကို လှူဒါန်းခွင့်ရတဲ့ "ကာလဒါန" မျိုးဖြစ်တာကြောင့် အလွန်မွန်မြတ်တဲ့ အလှူဒါနမျိုးပဲ ဖြစ်ပါတယ်။

လှိုင်အောင်၏ ဆောင်းပါး စာ - ၃ တွင် ဖတ်ရှုနိုင်ပါသည်။

မုန်တိုင်းဒဏ်ခံရသော ပြည်သူများအတွက် အမျိုးသားရေးစိတ်ဓာတ်ဖြင့် စေတနာထား ကူညီလှူဒါန်းလိုသူများ ဆက်သွယ်လှူဒါန်းနိုင်

နေပြည်တော် ဇွန် ၁၄

ဆိုင်ကလုန်းမုန်တိုင်း နာဂစ်ဒဏ်ကြောင့် ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်း ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရပြီး မုန်တိုင်းဒဏ်ခံရသော ပြည်သူများအတွက် စာနာထောက်ထား၍ အမျိုးသားရေးစိတ်ဓာတ်ဖြင့် စေတနာထားကာ ကူညီလှူဒါန်းလိုသူများအနေဖြင့် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးဆပ်ကော်မတီ၏ အလှူငွေနှင့် ပစ္စည်းများ လက်ခံရေးဌာနသို့ လည်းကောင်း၊ သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းအသီးသီးရှိ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးများသို့လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ကြသည်။

အလှူငွေများ

အလှူငွေများကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် စက်မှုလမ်း အမှတ် (၁၆/က) ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ ဖုန်း-၀၉-၈၆၀၀၁၀၉ နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ဝင်း ဖုန်း-၀၉-၈၆၀၀၁၀၂၊ ညွှန်ကြားရေးမှူး ဦးမောင်မောင် ဖုန်း-၀၁-၅၄၃၇၅၇၊ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဝင်းတင် ဖုန်း-၀၁-၅၄၃၇၆၅ တို့သို့ ဆက်သွယ်၍ တိုက်ရိုက်သော်လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း လှူဒါန်းနိုင်သည်။

ပစ္စည်းများ

ပစ္စည်းများကို ဦးသန်းဦး(ညွှန်ကြားရေးမှူးချုပ်၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန) ကုန်သွယ်ရေးဂိုဒေါင် အမှတ်(၃)ရပ်ကွက် မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားအနီး ဖုန်း-၀၉-၈၆၀၀၀၂၅၊ ၀၉-၈၆၀၀၅၂၆၊ ၀၉-၈၆၀၀၇၀၁ နှင့် ဦးအောင်ထွန်းခိုင် (ခေတ္တညွှန်ကြားရေးမှူးချုပ်- လူမှုဝန်ထမ်းဦးစီးဌာန) ဖုန်း-၀၉-၈၆၀၀၇၀၂ မီးသတ်ဦးစီးဌာန(ရုံးချုပ်) မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီအနီး ရန်ကုန်မြို့သို့ ဆက်သွယ်၍လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် ဇွန် ၁၅ ရက်)

သီးနှံအထွက်နှုန်း တိုးတက်မြင့်မားစေရေး ခေတ်မီနည်းပညာဖြင့် ပေါင်းစပ်ဆောင်ရွက်

လယ်ယာစိုက်ပျိုးရေးလုပ်ငန်းသည် နိုင်ငံ၏ကြီးမားသော ကုန်ထုတ်လုပ်မှုကဏ္ဍကြီး ဖြစ်သည်။ နိုင်ငံတော်က စိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရေးအတွက် စီမံကိန်းများ ချမှတ်ဖော်ဆောင်နေသည်။ စိုက်ပျိုးရေလုံလောက်စွာရရှိရေးအတွက် ရေထိန်းတံခါးအပါအဝင် ဆည်တမံပေါင်း ၂၁၁ခု တည်ဆောက်ပေးထားပြီး မိုးစပါး၊ နွေစပါး၊ ဆီထွက်သီးနှံ၊ ပဲအမျိုးမျိုး၊ ဝါနှင့်ကြံစသည့် သီးနှံစုံ တိုးချဲ့စိုက်ပျိုးရေးအားပေးကူညီလျက်ရှိသည်။

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးသီးနှံများအောင်မြင်ဖြစ်ထွန်းရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ စိုက်ဧကတိုးချဲ့ရေး၊ သီးထပ်သီးညှပ်သီးနှံများ စိုက်ပျိုးနိုင်ရေး၊ ဓာတ်မြေဩဇာရရှိရေးနှင့် နည်းပညာများ တိုးတက်ရရှိရေးတို့ကို နိုင်ငံတော်က ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် မိုးစပါး၊ နွေစပါးများ နှစ်စဉ်တိုးချဲ့စိုက်ပျိုးလာမှုနှင့်အတူ သီးနှံအထွက်နှုန်း တိုးတက်လာကာ ဒေသဝမ်းစာဖူလုံလျက်ရှိသည်။ ဆက်လက်၍ ဒေသဆန်ဖူလုံမှု အစဉ်အလာကောင်းကို ထိန်းသိမ်းပြီး စိုက်ပျိုးရေးဖြင့် ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်လာရေး ကြိုးပမ်း ဆောင်ရွက်ကြရမည်။

စိုက်ပျိုးရေးဆိုင်ရာ အခြေခံနည်းစနစ်ကောင်းများကို ကျေးလက်ဒေသများအထိ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုရေးတို့သည် အဓိကလုပ်ဆောင်ရမည့် လုပ်ငန်းများဖြစ်သည်။ ဒေသခံတောင်သူလယ်သမားများက ခေတ်မီစိုက်ပျိုးရေးနည်းပညာဖြင့် မျိုးကောင်းမျိုးသန့် သီးနှံများသုံးစွဲ၍ တစ်ဧကအထွက်နှုန်းတိုးတက်ပြီး သီးနှံစိုက်စွမ်းအားမြင့်မားလာစေရေး ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် ဒေသအတွင်း သတ်မှတ်ထားသည့် စပါးထွက်စံနှုန်း ပြည့်မီကျော်လွန်လာမည်ဖြစ်သည်။

လေဘေးဒဏ်ကြောင့် မြစ်ဝကျွန်းပေါ်ဒေသများရှိ လယ်မြေများပျက်စီးသွားသဖြင့် စပါးထုတ်လုပ်မှု ပြန်လည်ဖြည့်တင်းပေးနိုင်ရေးအတွက် မိမိတို့ဒေသ၏ စိုက်ပျိုးရေးကို ပိုမိုဖြစ်ထွန်းလာအောင် အစားထိုး ဖြည့်စွက်စိုက်ပျိုးကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ ရေမြေသဘာဝ သယံဇာတများကြွယ်ဝမှုကို ခေတ်မီနည်းပညာများဖြင့် ပေါင်းစပ်ပြီး သီးနှံထွက်နှုန်းတိုးတက်မြင့်မားရေး ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုအထောက်အကူပြုနိုင်မည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မရမ်းကုန်း သမိုင်းဝင်ကျိုက်ဝိုင်းစေတီတော် တောင်ဘက်စောင်းတန်းတည်ဆောက်ရန် ငွေလှူဒါန်း

ရန်ကုန် ဇွန် ၁၄

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက် စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်း ပထမထပ် အမှတ် ၅၆/၅၈နေ ခင်ပွန်း ဦးလှအောင်နှင့် သားကြီး ကိုစိုးညွှန့်တို့အား ရည်စူး၍ ဒေါ်ခင်အိ အမှတ် ၃၄၇-၂၅ လမ်းဘီရုံ သိမ်ကြီးဈေး မင်္ဂလာချည်လုံးဆိုင် ရန်ကုန် မိသားစုက အလှူငွေကျပ် သုံးသိန်းနှင့် စေတီတော်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်ရန်အတွက် ကိုးလက်မပတ်လည် ရွှေပြား အလှူငွေကျပ် နှစ်သိန်း စုစုပေါင်း အလှူငွေကျပ် ငါးသိန်းကို လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးသန်းလွင်၊ ဦးသိန်းထွန်း၊ ဦးအေးမြင့်နှင့် ဦးမောင်လှိုင်တို့က လက်ခံယူကြသည်။(ဓါတ်ပုံ)

အလှူရှင်များအနေဖြင့် လှူဒါန်းလိုပါက စေတီတော်ဂေါပကရုံး ဖုန်း- ၆၆၀၀၀၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ရန်ကုန်တောင်ပိုင်းခရိုင်သို့ ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်း သတ်မှတ်ကာလအတွင်းပြီးစီးရေး အလေးထားဆောင်ရွက်

ရန်ကုန် ဇွန် ၁၄

အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်သည် ယမန်နေ့ နံနက်၁၁ နာရီက တာဝန်ရှိသူများလိုက်ပါလျက် ရန်ကုန်တိုင်း အလုံမြို့နယ် ကမ်းနားလမ်းရှိ (၃၃/၆ဒသမ၆)ကေဗွီ 15MVA ဟုံဟိုင်းခွဲရုံမှ ပြည်သူ့ဆေးရုံကြီးသို့ သွယ်တန်းသည့် ၆ဒသမ၆ ကေဗွီ မြေအောက်ဓာတ်အားလိုင်း(မြန်မာ့စက်မှုဆိပ်ကမ်းရှေ့တွင်) ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် လှိုင်သာယာ ပင်မဓာတ်အားခွဲရုံသို့ သွားရောက်၍ ပင်မခွဲရုံမှဆိပ်ကြီးခနောင်တိုမြို့နယ်နှင့် ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ် ၃၃ကေဗွီအထွက် ဓာတ်အားလိုင်းများ ပြုပြင်တည်ဆောက်ခြင်းနှင့် ဓာတ်အားလိုင်း ချိတ်ဆက်ခြင်းလုပ်ငန်းများ ဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက ရန်ကုန်တောင်ပိုင်းခရိုင်သို့ သွယ်တန်းသည့် ၃၃ကေဗွီ ဓာတ်အားလိုင်းသွယ်တန်းခြင်း လုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးစေရေး အလေးထားဆောင်ရွက်သွားကြရန် မှာကြားသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် လှိုင်သာယာမြို့နယ် အပြင်ပဒန်းကျေးရွာအနီးရှိ ဆိပ်ကြီးခနောင်တိုနှင့် ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ် ဓာတ်အားလိုင်းတိုင်များနှင့် ပန်းလှိုင်ဂေါက်ကွင်း(၃၃)ကေဗွီဓာတ်အားလိုင်းတိုင်များ ကျိုးကျပျက်စီးမှု အခြေအနေများကိုသွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာလိုအပ်ချက်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အရှိန်အဟုန်ဖြင့်ထုတ်လုပ်

ဆက်လက်၍ ဝန်ကြီးသည် လှိုင်သာယာမြို့နယ်ရှိ ရန်ကုန်ကွန်ကရစ်ကျောက်တိုင် ထုတ်လုပ်မှုလုပ်ငန်းသို့ သွားရောက်၍ အရည်အသွေးမြင့် ကွန်ကရစ်ကျောက်တိုင်များ စွမ်းအားပြည့် ထုတ်လုပ်ဖြန့်ဖြူးနိုင်ရန် 6mm သံနန်းကြိုးခွေများရောက်ရှိမှု၊ ထုတ်လုပ်ပြီးကွန်ကရစ်ကျောက်တိုင်များ လုပ်ငန်းခွင်သို့ ပို့ဆောင်ရန် မော်တော်ယာဉ်များပေါ်သို့ တင်ဆောင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး စံချိန်စံညွှန်းပြည့်ဝသော ကွန်ကရစ်ဓာတ်အားလိုင်းတိုင်များ အရှိန်အဟုန်ဖြင့် ထုတ်လုပ်ဖြန့်ဖြူးပေးရေး မှာကြားပြီး လုပ်ငန်းဆိုင်ရာလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



လက်ခံ

မိဘဦးအောင်မြင့်-ဒေါ်အုန်းရင်၊ မောင်သိန်းနိုင်တို့အား ရည်စူး၍ အမှတ်(၇၀) သံလွင်လမ်း ဗဟန်းမြို့နယ်နေ ဒေါက်တာ တိုင်းအောင်-ဒေါက်တာခင်ခင်စိုး၊ သမီးသီဂီစိုး၊ သား တိုင်းလင်းကြည် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ နဝကမ္မ ငွေပဒေသာပင် ငွေကျပ်၁၀သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်ဦးဝင်းလွင် လက်ခံယူစဉ်။ (က-ပ)

မွန်ပြည်နယ်မှ အထွေထွေရောဂါကု ဆရာဝန်များ ထပ်မံစေလွှတ်

ရန်ကုန် ဇွန် ၁၄

ဧရာဝတီတိုင်းအတွင်း လေဘေးသင့် ဒေသများရှိ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ဆေးကုသမှုလုပ်ငန်းများတွင် ကူညီဆောင်ရွက်ရန် မွန်ပြည်နယ်မှ မြန်မာနိုင်ငံဆရာဝန်အသင်း(မော်လမြိုင်အသင်းခွဲ) အတွင်းရေးမှူးဒေါက်တာဇော်တင်ဦးဆောင်သော အထွေထွေရောဂါကုဆရာဝန်ခြောက်ဦးသည် ယမန်နေ့ညနေက မော်လမြိုင်မှ လပွတ္တာမြို့သို့ ထွက်ခွာသွားကြောင်းနှင့် လပွတ္တာမြို့တွင် လိုအပ်သောဆေးကုသမှုများ၊ ကူညီမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၁၅-၆-၂၀၀၈

(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၂း၀၀	၁။	မြဝတီအဖွင့်
၁၂း၀၅	၂။	အဖွင့်သီချင်း
၁၂း၁၀	၃။	မျိုးချစ်တပ်မတော်
၁၂း၂၀	၄။	သာယာသီကြွေး ခေတ်ဆန်းတေး
၁၂း၃၀	၅။	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင်
၁၃း၅၀	၆။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	မျိုးချစ်တပ်မတော်
၄း၁၅	၄။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄း၂၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၄း၃၀	၆။	အမျိုးသားရေးတေးကဗျာ
၄း၄၅	၇။	ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅း၅၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၀။	နိုင်ငံတကာသတင်း
၆း၂၀	၁၁။	အမျိုးသားရေးတေးကဗျာ
၆း၃၅	၁၂။	အံ့ဩဖွယ်ရာ ဆပ်ကပ်ပညာ
၆း၄၅	၁၃။	လျှပ်တစ်ပြက်
၇း၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပျော်ရွှင်ပါစေ** (အပိုင်း -၃၃)
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	မိုးလေဝသသတင်း
	၁၇။	အမျိုးသားရေးတေးကဗျာ
	၁၈။	ပဟေဠိနန်းတော်
	၁၉။	ကျန်းမာသုတ
	၂၀။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဆန့်ကျင်ဘက်နှလုံးသား** (အပိုင်း-၁၈)

ပို၍ ကံကောင်းကြပါစေ

လှိုင်အောင်

ကောင်းဆိုးနှစ်တန် လောကဓံတရားဆိုတာ လူပုဂ္ဂိုလ်တစ်ဦးချင်းသာမက လူ့အဖွဲ့အစည်းတွေ၊ နိုင်ငံတွေအထိ တွေ့ကြုံခံစားကြရတတ်တာ ဓမ္မတာပါပဲ။ ဧရာဝတီမြစ်ဝကျွန်းပေါ် တောင်ပိုင်းဒေသနဲ့ ရန်ကုန်မြို့ကို ဖြတ်သန်းတိုက်ခတ်သွားတဲ့ နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဟာ မြန်မာနိုင်ငံသားတွေ အတွက်တော့ ကံကြမ္မာဆိုးတစ်ခုပါပဲ။ လူတွေသိန်းနဲ့ချီပြီး သေဆုံး/ပျောက်ဆုံးခဲ့ကြရလို့ ချစ်ခင်တွယ်တာရတဲ့ ဆွေမျိုးမိသားစုတွေ ပျက်စီးဆုံးပါးရတဲ့ 'ဉာတိဗျသန'၊ မိမိတို့ရဲ့ အိုးအိမ်စည်းစိမ်ပိုင်ဆိုင်မှုတွေ ပျက်စီးဆုံးရှုံးရတဲ့ 'ဘောဂဗျသန' စတဲ့ ဗျသနတရားတွေနဲ့ လွဲရှောင်မရ ကြုံခဲ့ကြရတာဟာ ဗုဒ္ဓတရားတော်အရဆိုရင်တော့ မိမိတို့ရဲ့ အတိတ်ကာလတွေမှာ ပြုမိခဲ့ဖူးကြတဲ့ လုပ်မှား၊ ကိုင်မှား အကုသိုလ်ကံတရားတွေရဲ့ အကျိုးပေးမှု အလှည့်ကျလာခဲ့တဲ့အတွက်လို့ ဆိုရမှာပါပဲ။

ဒါပေမယ့်လည်း မုန်တိုင်းဒဏ်မှာ မသေမပျောက်ကျန်နေခဲ့ကြတဲ့ သူတွေအတွက်ကတော့ ဒီလောက်ပြင်းထန်တဲ့ မုန်တိုင်းကြားမှာ ဒီလို အသက်မသေဘဲ ကျန်နေခဲ့ကြတာကိုက သေကံမရောက် သက်မပျောက် ဆိုတာလို ဥပစ္ဆေဒကကံနဲ့ ရှောင်လွှဲနိုင်တာဟာ ရှေးကမိမိတို့ရဲ့ကုသိုလ်ကောင်းမှု အကျိုးပေးတွေကြောင့် အလွန်ကံကောင်းတယ်လို့ဆိုရမှာပါ။ ပြောရမယ်ဆိုရင် အသက်ရှင်နေသရွေ့ မျှော်လင့်ချက်တွေရှိနေသေးတယ် ဆိုတဲ့ စကားပုံလိုပါပဲ။ 'မနုဿတဘာဝေါဒုလ္လဘော' ဆိုတဲ့ ရတောင့်ရခဲ လူ့ဘဝကို ရလာခဲ့တဲ့အချိန်မှာ ကြီးမားတဲ့ အသက်ဘေးအန္တရာယ်တွေကြားက မသေမပျောက် ရှင်သန်ကျန်ရစ်ခဲ့တဲ့ မိမိတို့ရဲ့ဘဝတွေကို ဘယ်လိုအကောင်းဆုံးဖြစ်အောင် ကြိုးပမ်းနေထိုင်သွားကြမလဲဆိုတာဟာ 'ဖိုးကံကောင်း-မယ်ကံကောင်း' တွေအတွက် အရေးအကြီးဆုံးကိစ္စပါပဲ။

အခုလို ကံကောင်းလက်စကနေ ပိုပြီးကံကောင်းဖို့အတွက်ဆိုရင်တော့ ကံကောင်းလာဖို့အတွက် ရေလာမြောင်းပေးဆိုတာလို ကောင်းတဲ့ကံ၊ ကုသိုလ်အလုပ်တွေနဲ့ လမ်းခင်းပေးရမှာပါ။ ကောင်းတဲ့ကံဆိုတာကလည်း စိတ်၊ စေတနာက အရင်းခံဖြစ်တာမို့ 'ယောနိသော မနသိကာရ' သင့်တင့်မျှတစွာ နှလုံးသွင်းနိုင်ဖို့က အဓိကပါပဲ။ ကိုယ့်ကိုယ်ကို ဒီလိုဖြစ်ရလေခြင်း၊ ဆွေမျိုး၊ အိမ်ရာ၊ ကျွဲနွားတွေ ဆုံးရှုံးရလေခြင်းဆိုပြီး ဝမ်းနည်းပူဆွေးမဆုံး ဖြစ်နေရင် သောကပရိဒေဝ ဆိုတာတွေကလည်း အကုသိုလ်တရားတွေပဲမို့ ကောင်းတဲ့ကံတွေ ဝင်မလာနိုင်ဘူးဆိုတာ သတိချပ်ကြစေချင်ပါတယ်။ မိမိတို့အပေါ် ကူညီလှူဒါန်း ထောက်ပံ့မှုတွေအပေါ် နည်းသည်များသည်၊ လိုချင်တာ ရသည်၊မရသည် စသည်ဖြင့် လောဘကနေ တစ်ဆင့် ဒေါသတွေပွားနေပြန်ရင်လည်း အလားတူပါပဲ။ **အမှန်တကယ် မိမိတို့ စိတ်ထဲမှာ နှလုံးသွင်းသင့်တာကတော့ သက်ရှိ၊ သက်မဲ့ မှန်သမျှရဲ့ မတည်မြဲတဲ့ အနိစ္စသဘောကို တရားနဲ့အညီ ဆင်ခြင်ပြီး ဖြေသိမ့်နိုင်ဖို့၊ မိမိကို စိတ်ရင်းစေတနာ အမှန်နဲ့ ကူညီလှူဒါန်းလာကြတဲ့ သူတွေအပေါ် 'မေတ္တာ' ပွားဖို့၊ ရှေ့ကိုလည်း ဒီထက်မက လှူနိုင် ကူနိုင်ကြတဲ့ ပြည့်စုံသူတွေဖြစ်ကြပါစေဆိုပြီး 'မုဒိတာ' ပွားဖို့ပါ။ ဒီလိုဗြဟ္မစိုရ်တရားတွေကို ပွားများရင်းနဲ့ 'အတ္တဟိ အတ္တနော နာထော' မိမိကိုယ်ကိုသာ အားကိုးအားထားပြုပြီး ကြိုးစား ပြန်လည်ထူထောင်သွားမည်ဆိုရင် ကံကောင်းခြင်းလက်ဆောင်တွေ ရောက်ရှိလာမှာ မလွဲပါဘူး။**

လေဘေးသင့်ပြည်သူတွေကို ငွေကြေး၊ ပစ္စည်း စသည်ဖြင့် ထောက်ပံ့ကူညီ လှူဒါန်းနေကြတဲ့ ပုဂ္ဂိုလ်များဟာလည်း လိုအပ်နေတဲ့ အချိန်မှာ လိုအပ်တာကို လှူဒါန်းခွင့်ရတဲ့ 'ကာလဒါန' မျိုး ဖြစ်တာကြောင့် အလွန် မွန်မြတ်တဲ့ အလှူဒါနမျိုးပဲ ဖြစ်ပါတယ်။

ဒီလိုမွန်မြတ်လှတဲ့ အလှူဒါန ကုသိုလ်ကောင်းမှုမျိုးမှာ ခိုင်ရာသံစွဲ မြဲရာသံပတ် ဆိုတာလို မြတ်သထက်မြတ်တဲ့ 'တိဟိတ် ဥက္ကဋ္ဌ ကုသိုလ်' အဖြစ် 'ပုဗ္ဗ၊မုဉ္စ၊ အပရ' မလှူမီ၊ လှူဆဲ၊ လှူပြီး ကာလတွေမှာ ဉာဏ်ပညာ ဦးစီးတဲ့ စိတ်စေတနာဖြူစင်စွာနဲ့ လှူဒါန်းနိုင်မယ် ဆိုရင်တော့ အကောင်းတကာ့ ထိပ်ခေါင်၊ အမြတ်တကာ့ ထိပ်သီး ကြီးမြတ်လှတဲ့ ကုသိုလ်ကောင်းမှု ဖြစ်သွားပါလိမ့်မယ်။

မလှူမီ ကာလမှာ လေဘေးသင့် ပြည်သူတွေရဲ့ ကြီးမားစွာထိခိုက်ခံစားခဲ့ရတဲ့ ဒုက္ခတွေအပေါ်မှာ စာနာသနားတဲ့ စိတ်နဲ့ ဒီ ဒုက္ခဆင်းရဲက လွတ်မြောက်ပါစေလို့ ရည်သန်တဲ့ ကရုဏာတရားကို ပွားများနေရင် ပုဗ္ဗစေတနာက ဖြူစင်မွန်မြတ်သွားပြီ ဖြစ်ပါတယ်။

လှူဆဲကာလမှာလည်း အလှူခံ ပုဂ္ဂိုလ်အပေါ် လေးလေးစားစား ပေးလှူတဲ့ 'သက္ကစ္စ ဒါန'၊ ကိုယ်တိုင် ကိုယ်ထိလက်ရောက် ပေးလှူတဲ့ 'သဟဿိတဒါန' မြောက်အောင် သေသေချာချာ လေးလေးစားစား ပေးလှူမယ်ဆိုရင် မွန်မြတ်တဲ့ 'ပဏ္ဍိတ ဒါန' ကုသိုလ်ဖြစ်သွားပါပြီ။

လှူပြီးကာလမှာလည်း မိမိလှူဒါန်းလိုက်တဲ့ ငွေကြေး၊ ပစ္စည်းတွေကြောင့် လေဘေးသင့် ပြည်သူတွေ အဆင်ပြေသွားကြတာ တွေ့မြင်ပြီး မိမိရဲ့ဒါနအပေါ် ဝမ်းမြောက်ဝမ်းသာ ကြည်နူးစွာနဲ့ နောက်တစ်ခါ အဖန်ဖန်ထပ်ပြီး လှူချင်တဲ့သဒ္ဓါစိတ်တွေ ကွန့်မြူးနေမယ်ဆိုရင် အပရစေတနာမှာလည်း ဖြူစင်မွန်မြတ်နေပြီမို့ ရှေ့နောက်နှစ်တန် ကုသိုလ်ခြံရံတဲ့ ပထမတန်းစား ကောင်းမှုကုသိုလ်တစ်ခုအဖြစ် ဆိုနိုင်ပြီဖြစ်ပါတယ်။ ဒီလို ကုသိုလ်မျိုးမှာဘဲ လုပ်သလောက် အကျိုးပေးတဲ့ ကုသိုလ်မျိုးဖြစ်ပါတယ်။ ဒီလိုအလှူဒါနမျိုးကို ရေစက်ချ လှူဒါန်းမယ်ဆိုရင် ကံမကောင်းအကြောင်းမလှလို့ လေဘေးမှာ အသက်ဆုံးပါးသွားရရှာသူများကိုလည်း ရည်စူးပြီးတော့ အမျှအတန်းများ ပေးဝေစေလိုပါတယ်။ အဲဒီလို အမျှအတန်း ပေးဝေခြင်းဟာလည်း ပတ္တိဒါနဆိုတဲ့ ပုညကြိယာကောင်းမှု တစ်မျိုး ဖြစ်တဲ့အတွက် ကောင်းမှုရှင်အတွက် ကောင်းမှုတွေ ဆက်သွားမှာဖြစ်ပါတယ်။

အခုတလော ရုပ်မြင်သံကြားမှာ သတိပေးနေရတဲ့ မြင်ကွင်းတစ်ခုလို ကားပေါ်ကနေအလှူပစ္စည်းတွေ ပစ်ချကြဲချပြီး နောက်ကနေ မြေကြီးပေါ်မှာ အလှူခံပုဂ္ဂိုလ်တွေက တရုန်းရုန်းနဲ့ ပြေးလွှားလုယက်ကောက်ယူနေကြတဲ့ ပုံတွေ တွေ့မြင်ရတာကတော့ စိတ်မချမ်းမြေ့စရာပါဘဲ။ ဒီလိုပုံစံမျိုးနဲ့ လှူတာဟာ ဒါနဒါသလို့ခေါ်တဲ့ ကျွန်တွေကိုစွန့်ကြဲပေးကမ်းတဲ့ ပုံစံမျိုး ဖြစ်နေတာကြောင့် ဟီနဒါနလို့ခေါ်တဲ့ ယုတ်ညံ့သော အလှူမျိုးဖြစ်သွားပါတယ်။ ဒီလို အလှူမျိုးဟာ ဓမ္မစေတီဆရာတော်ဘုရား မိန့်ကြားတော်မူသလိုမျိုး အပျော်သဘော (လောဘမူ သောမနဿစိတ်)နဲ့ ဦးစီးပြီး လှူတာမျိုးဖြစ်နေရင် အကုသိုလ်ရှေ့ပြေးနဲ့ ဉာဏ်ပညာမပါတဲ့ (ဉာဏဝိပ္ပယုတ်) အလှူမျိုးဖြစ်နေတာမို့ ပုဗ္ဗစေတနာမှာရော၊ မုဉ္စစေတနာမှာရော အားနည်းသွားမှာ ဖြစ်ပါတယ်။

အဲဒီလို လှူတာတွေဟာ စနစ်တကျမရှိဘဲ အလှူခံတွေကို ဘေးအန္တရာယ် ဖြစ်စေနိုင်တာမို့ တာဝန်ရှိသူတွေက တားဆီးတဲ့အခါ တာဝန်ရှိသူတွေကို ငါတို့လှူတာတားရကောင်းလားဆိုပြီး မကျေမနပ် ဖြစ်ရင် ဒေါသ၊ တို့ကတော့ လှူချင်ပါရဲ့ သူတို့က တားထားလို့ မလှူရတော့ဘူးဆိုပြီး တာဝန်ရှိသူတွေနဲ့ အလှူခံ ပုဂ္ဂိုလ်တွေကြားမှာ အမုန်းပွားစရာ သွေးထိုးစကားပြောခဲ့မယ်ဆိုရင် 'ပိသုဏဝါစာ' ကုန်းတိုက်ချောပစ် စကားဖြစ်လို့ ဝစီဒုစရိုက်ဖြစ်သွားပြီး လှူပြီးနောက် အပရစေတနာလည်း ညစ်နွမ်းသွားမှာဖြစ်ပါတယ်။

ဒီလိုစေတနာသုံးတန် ညစ်နွမ်းနေမှတော့ ကိုယ်ပြုခဲ့တဲ့ ကာလဒါန အကျိုးထူးပေးမယ့် အလှူဟာ 'သံပရာတစ်ခြမ်းနဲ့ကြေ' ဆိုတာလို မသိနားမလည်လို့၊ နှလုံးသွင်းမမှန်လို့ ဖြစ်လာတဲ့ စေတနာညစ်နွမ်းမှုတွေကြောင့် လုပ်သလောက်အကျိုးမပေးဘဲ သာမန်အညံ့စားကုသိုလ်မျိုး အဖြစ်နဲ့ အကျိုးပေးမှာလည်း နုံချာသွားတာမျိုး ဖြစ်တတ်ပါတယ်။

ဒါကြောင့် လမ်းတစ်လျှောက်မှာတွေ့တဲ့ အလှူခံပုဂ္ဂိုလ်တွေကို လှူချင်ရင်လည်း စည်းကမ်းတကျ ကားရပ်ပြီးမှ ကိုယ်ထိလက်ရောက် လှူစေချင်ပါတယ်။ တတ်နိုင်ရင် သူတို့ရဲ့ကျေးရွာနေအိမ်တွေအထိ လိုက်ကြည့်ပြီး မှန့်ပဲသရေစာသာမက ပိုပြီးလိုအပ်မယ့်အရာတွေကိုပါ လှူပေးနိုင်ရင် ပိုပြီး ကောင်းပါလိမ့်မယ်။

တစ်ခု သိထားသင့်တာကတော့ အဲဒီ ပုဂ္ဂိုလ်တွေထက် ပိုပြီး ဆင်းရဲဒုက္ခ ရောက်နေပြီး အိုးမဲ့အိမ်မဲ့၊ ပိုင်ဆိုင်မှု ဘာမှမရှိရှာတော့တဲ့ အဝတ်တစ်ထည်ကိုယ်တစ်ခုနဲ့ ဒုက္ခသည်တွေဟာ ရှေ့မှာရှိတဲ့ ကယ်ဆယ်ရေးစခန်းတွေမှာ အများကြီးရှိသေးတယ်ဆိုတာပါပဲ။ ဒါကြောင့် ဖြစ်နိုင်ရင် ပိုပြီး လိုအပ်ချက်ကြီးမားတဲ့ အလှူခံပုဂ္ဂိုလ်တွေကိုလှူရတာ ပိုပြီးအကျိုးကြီးပါတယ်။

ဒီထက်မက စွမ်းနိုင်သေးရင်တော့ ကယ်ဆယ်ရေး စခန်းတွေကိုတောင် ရောက်မလာနိုင်ရှာတဲ့ အစွန်အဖျား ချောင်ကြိုချောင်ကြားမှာ ကုပ်ကပ်ပြီး ကျန်နေတဲ့ ဒုက္ခသည်အိမ်စုကလေးတွေအထိ ရောက်အောင်သွားပြီး ကူညီထောက်ပံ့ လှူဒါန်းနိုင်ပါတယ်။ ရှေ့ကိုပိုပြီးရောက်သွားလေ ပိုပြီးဒုက္ခဆင်းရဲ ခံစားရတဲ့ အလှူခံပုဂ္ဂိုလ်တွေကိုတွေ့ပြီး ပိုပြီးအကျိုးကြီးမားတဲ့ အလှူဒါနတွေကို ပြုနိုင်ကြမှာဖြစ်ပါတယ်။

ဒါကြောင့်မို့ ကံကောင်းထောက်မလို့ 'ကာလဒါန' ပြုခွင့်ရကြတဲ့ 'ဘောဂသမ္ပတ္တိ' နဲ့ ပြည့်စုံကြတဲ့ စေတနာရှင် အလှူရှင် ပုဂ္ဂိုလ်များအနေနဲ့ ကံကောင်းသည်ထက်ပို၍ ကံကောင်းကြစေဖို့ စေတနာသုံးတန် နှလုံးသွင်း မှန်ကန်စွာနဲ့လှူတတ်၊လှူနိုင်ကြပါစေလို့ မုဒိတာအပြည့်နဲ့ဆန္ဒပြုလိုက်ပါရစေ။

စေတနာရှင်များ ပို၍ ကံကောင်းကြပါစေ။ ။

လှူတာတွေဟာ စနစ်တကျမရှိဘဲ အလှူခံတွေကို ဘေးအန္တရာယ်ဖြစ်စေနိုင်တာမို့ တာဝန်ရှိသူတွေက တားဆီးတဲ့အခါ တာဝန်ရှိသူတွေကို ငါတို့လှူတာတားရကောင်းလားဆိုပြီး မကျေမနပ်ဖြစ်ရင် ဒေါသ၊ တို့ကတော့ လှူချင်ပါရဲ့ သူတို့က တားထားလို့ မလှူရတော့ဘူးဆိုပြီး တာဝန်ရှိသူတွေနဲ့ အလှူခံ ပုဂ္ဂိုလ်တွေကြားမှာ အမုန်းပွားစရာ သွေးထိုးစကားပြောခဲ့မယ်ဆိုရင် 'ပိသုဏဝါစာ' ကုန်းတိုက်ချောပစ် စကားဖြစ်လို့ ဝစီဒုစရိုက်ဖြစ်သွားပြီး လှူပြီးနောက် အပရစေတနာလည်း ညစ်နွမ်းသွားမှာ ဖြစ်ပါတယ်။

ဇွန် ၇ရက်က သဃ်္ာန်းကျွန်းမြို့နယ် ဆ/ခ ရပ်ကွက် ရွှေဟောင်းသမိုင်းဝင် ကျိုက်ဒေး ယျုံ (ရန်ကုန်) အာနန္ဒာ စေတီတော်မြတ်ကြီးတွင် မုန်တိုင်းဒဏ်ကြောင့်ပျက်စီးသွားသောစိန်ဖူးတော်နှင့်ထီးတော်ကြီး ပြန်လည်ပြုပြင် ပူဇော်ရန်အတွက် ဆ/ခ ရပ်ကွက် တိုက်၄ အခန်း ၁၀၃ ရွှေကိန္နရီအိမ်ရာနေ ဒေါ်သန်းသန်းဝင်းမိသားစုက မောင်လှရွှေ(ခ)မာမူနှင့် ဒေါ်သန်းသန်းအေး မောင်နမနစ်ဦးအား ရည်စူး၍ အလှူငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစံလှနှင့် အတွင်းရေးမှူး ဦးကိုလေးတို့ လက်ခံယူစဉ်။ (က-ပ)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဆဋ္ဌသင်္ဂါယနာ သာသနာ့ သမိုင်းဝင် သီရိမင်္ဂလာ ကမ္ဘာအေး စေတီတော် မြတ်ကြီး၏ ထီးတော်သစ်ကြီး တင်လှူ ပူဇော်နိုင်ရန်အတွက် ဦးဘိုးကျင်-ဒေါ်စော၊ ဦး သန်း ရှင်-ဒေါ်သန်းတို့အား ရည်စူး၍ အမှတ်(၄၃) လမ်းသွယ် (၈) သီရိမွန်အိမ်ရာ လှိုင်မြို့နယ်နေ ဦးဖေသန်း-ဒေါ်တင်တင်အေး မိသားစုက အလှူငွေကျပ် ငါးသိန်းတန်ဖိုးရှိ ရတနာပစ္စည်းများလှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးလှမင်းနှင့် ဦးစိန်ဦးတို့ လက်ခံရယူပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

ကမ္ဘာ့မြို့ကြီးအချို့၏ ရာသီဥတုအခြေအနေ

နယူးယောက် ဇွန် ၁၄

ကမ္ဘာ့မိုးလေဝသ အဖွဲ့ချုပ်မှ ဇွန် ၁၄ရက်က ထုတ်ပြန်ခဲ့သော မြို့ကြီးအချို့၏ ရာသီဥတု အခြေအနေကို အောက်ပါအတိုင်း သတင်းထုတ်ပြန်ထားသည်-

နိုင်ငံ	မြို့	အပူချိန်	ရာသီဥတုအခြေအနေ
တရုတ်	ပေကျင်း	၂၇°C	လေပြင်းတိုက်၊ မိုးရွာ
ဂျပန်	တိုကျို	၂၅°C	တိမ်ထူထပ်
ထိုင်း	ဗန်ကောက်	၃၃°C	မိုးရွာ
ဩစတြေးလျ	ဆစ်ဒနီ	၁၈°C	တိမ်ထူထပ်
ပါကစ္စတန်	ကရာချိ	၃၅°C	တိမ်ထူထပ်
အီဂျစ်	ကိုင်ရို	၃၂°C	သာယာ
ရုရှား	မော်စကို	၂၃°C	တိမ်ထူထပ်
ဂျာမနီ	ဖရန့်ဖွတ်	၁၆°C	တိမ်ထူထပ်
ပြင်သစ်	ပါရီ	၁၇°C	တိမ်ထူထပ်
ဗြိတိန်	လန်ဒန်	၁၅°C	တိမ်ထူထပ်
အမေရိကန်	နယူးယောက်	၂၆°C	တိမ်ထူထပ်

(အင်တာနက်)

အိုဘားမား၏ ဒုတိယသမ္မတလောင်း ရွေးချယ်ရေးကော်မတီဥက္ကဋ္ဌ ရာထူးမှနုတ်ထွက်ကြောင်း ထုတ်ဖော်ကြေညာ

ဝါရှင်တန် ဇွန် ၁၄

ဒီမိုကရက်တစ်သမ္မတလောင်း အိုဘားမား(အောက်ယာပုံ)က ရွေးကောက်ပွဲတွင် သူနှင့်အတူ ဒုတိယသမ္မတအဖြစ် ပူးတွဲအရွေးခံရရေးအတွက် ဒုတိယသမ္မတလောင်းတစ်ဦးရရှိရေး ဖွဲ့စည်းထားသည့် ဒုတိယသမ္မတလောင်းရွေးချယ်မှု စိစစ်ရေးကော်မတီဥက္ကဋ္ဌဖြစ်သူ ဂျင်ဂျွန်ဆင် ရာထူးမှနုတ်ထွက်သွားပြီဖြစ်ကြောင်း ဇွန် ၁၁ ရက်က ကြေညာသည်။

ဒုတိယသမ္မတလောင်း ရွေးချယ်မှုစိစစ်ရေးကော်မတီကို ပြီးခဲ့သည့်ရက်သတ္တပတ်က ဖွဲ့စည်းခဲ့သည်။ ထိုကော်မတီတွင် ကွယ်လွန်သူ သမ္မတဟောင်း ကနေဒီ၏သမီး ကယ်ရိုလင်းကနေဒီ၊ ဒုတိယရှေ့နေချုပ်ဟောင်း အဲရစ်ဟိုလ်ဒါ အပါအဝင် စုစုပေါင်း ကော်မတီဝင်သုံးဦး ပါဝင်သည်။

ရာထူးမှနုတ်ထွက်

ဖန်နီမေကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ်ဟောင်းဖြစ်သူ ဂျင်ဂျွန်ဆင်မှာ ကော်မတီဥက္ကဋ္ဌ တာဝန်ယူသည်။ ယခုအခါ ချေးငွေအပေးအယူကိစ္စ ရှင်းလင်းမှုကြောင့် ကော်မတီဥက္ကဋ္ဌရာထူးမှ နုတ်ထွက်ခြင်းကို အိုဘားမားက လက်ခံလိုက်ရခြင်းဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကုလသမဂ္ဂ လက်ထောက်အတွင်းရေးမှူးချုပ် ဇင်ဘာဘွေနိုင်ငံသို့ သွားရောက်မည်

ဂျီနီဗာ ဇွန် ၁၄

ယခုလကျင်းပမည့် ဇင်ဘာဘွေ ဒုတိယအကြိမ်သမ္မတ ရွေးကောက်ပွဲမတိုင်မီ တင်းမာမှုများ လျော့ပါးရေးအတွက် ကြိုးပမ်းရန် ကုလသမဂ္ဂနိုင်ငံရေးရာ လက်ထောက်အတွင်းရေးမှူးချုပ် ဟေးလ်မင်ကာရီယိုသည် ဇင်ဘာဘွေနိုင်ငံသို့ လာမည့် ရက်သတ္တပတ်အတွင်း သွားရောက်မည်ဟု ကုလသမဂ္ဂ ပြောရေးဆိုခွင့်ရှိသူက ဇွန်၁၁ရက်တွင် ပြောကြားသည်။

ကုလသမဂ္ဂ လက်ထောက်အတွင်းရေးမှူးချုပ်မင်ကာရီယိုသည် ဇင်ဘာဘွေသို့ လာမည့် ဇွန်၁၆ရက်တွင် သွားရောက်ပြီး ဇွန် ၂၀ရက်အထိ နေထိုင်မည်ဟု မျှော်လင့်ရကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

မင်ကာရီယိုသည် ဇင်ဘာဘွေ နိုင်ငံရေးအခြေအနေနှင့် ဇွန်၂၇ရက်တွင် ကျင်းပမည့် သမ္မတရွေးကောက်ပွဲ ကိစ္စတို့ကို ဇင်ဘာဘွေ တာဝန်ရှိသူများနှင့် ဆွေးနွေးညှိနှိုင်းမည်ဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

အိန္ဒိယပန်းချီကား စံချိန်တင်ရောင်းချခဲ့ရ

ဂိုယာ(အိန္ဒိယ) ဇွန် ၁၄

အိန္ဒိယပန်းချီဆရာ ဖရန့်စစ်နယူတန်ဆူဇာ ရေးဆွဲခဲ့သော ပန်းချီကားတစ်ချပ်ကိုယခုသီတင်းပတ်အစောပိုင်းက တောင်အာရှ လေလံရုံး၌ အမေရိကန်ဒေါ်လာ ၂၅၁၉၇၆၂ ဒေါ်လာဖြင့် ရောင်းချလိုက်ပြီဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

ဆူဇာသည် ၁၉၈၉ခုနှစ်က ၎င်းပန်းချီကားကို ရေးဆွဲခဲ့ခြင်း ဖြစ်ပြီး တောင်အာရှ ခေတ်သစ်ပန်းချီကားအဖြစ် လေလံတင်ရောင်းချခဲ့သည်။ အဆိုပါ ပန်းချီကားသည် အိန္ဒိယ ခေတ်သစ် ပန်းချီကားများ ရောင်းချခဲ့ရာတွင် စံချိန်တင် ဝင်ငွေအများဆုံးဖြင့် ရောင်းချခဲ့ရသည်ဟု ဆိုသည်။ ပန်းချီဆရာ ဆူဇာသည် အိန္ဒိယနိုင်ငံ ဂိုယာမြို့၌ မွေးဖွားပြီး လန်ဒန်မြို့၊ နယူးယောက် မြို့များ၌ ကြီးပြင်းလာခဲ့သူ ဖြစ်သည်။ **(အင်တာနက်)**

အမေရိကန်တို့ လေကြောင်းမှ တိုက်ခိုက်မှု ပါကစ္စတန်နိုင်ငံက စိုးရိမ်ပူပန်နေ

အစ္စလမ္မာဘတ် ဇွန် ၁၄

အာဖဂန်နစ္စတန်နိုင်ငံ အခြေစိုက် အမေရိကန် တပ်ဖွဲ့ဝင်များသည် လေကြောင်းမှ တိုက်ခိုက်မှုကြောင့် ပါကစ္စတန် တပ်ဖွဲ့ဝင် ၁၁ဦးသေဆုံးခဲ့ရ၍ စိုးရိမ်ပူပန်မိကြောင်း ပါကစ္စတန်တပ်ဖွဲ့က ပြောကြားသည်။

အတည်ပြု

အမေရိကန် တပ်ဖွဲ့ဝင်များသည် တာလီဘန်လိုလားသော စစ်သွေးကြွများအား ကိုင်တွယ်ဖြေရှင်းစဉ် အာဖဂန်နယ်စပ်အနီး ပါကစ္စတန် နိုင်ငံအတွင်း၌ လေကြောင်းမှ တိုက်ခိုက်ခဲ့သည်။

ယင်းဒေသကို အမြောက်နှင့် လေကြောင်းမှ အင်အားသုံး တိုက်ခိုက်ခဲ့ကြောင်း အမေရိကန်စစ်ဘက်က အတည်ပြု ပြောကြားသည်။

တွေ့ရှိခဲ့ရ

၎င်းတိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် အမေရိကန်နှင့် ပါကစ္စတန်စစ်တပ်တို့အကြား တင်းမာမှုများ ပို၍ဆိုးရွားလာသည်။ အမေရိကန်တို့၏ စစ်ကြောင်းချီတိုက်ခိုက်မှုကြောင့် ပါကစ္စတန်နိုင်ငံ၏ လူမျိုးစုတစ်စုနေထိုင်ရာ ဒေသတစ်ခုဖြစ်သည့် မွန်မန်းဒေသ၌ ပါကစ္စတန် တပ်ဖွဲ့ဝင်အလောင်းများ တွေ့ရှိခဲ့ရသည်ဟု ဆိုသည်။

တိုက်ခိုက်မှုအတွင်း တာလီဘန် ရှစ်ဦး သေဆုံးခဲ့ရကြောင်း တာလီဘန် ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။ **(အင်တာနက်)**

ဆီနီဂေါရှိ စိန့်လူးဝစ်မြို့ ပင်လယ်ရေပြင် မြင့်တက်မှု ခြိမ်းခြောက်ခံနေရ

စိန့်လူးဝစ်(ဆီနီဂေါ) ဇွန် ၁၄

ဆီနီဂေါနိုင်ငံရှိ စိန့်လူးဝစ်မြို့သည် အာဖရိကတိုက်တစ်တိုက်လုံး ပင်လယ်ရေမျက်နှာပြင်(**ယာပုံ**) မြင့်တက်လာမှုကြောင့် ခြိမ်းခြောက်မှု အများဆုံးခံရသည့် မြို့ဖြစ်လာကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

သတ်မှတ်ထား

အဆိုပါမြို့သည် ဆီနီဂေါမြစ်ဝနှင့် အတ္တလန္တိတ် သမုဒ္ဒရာအကြားရှိ ကျွန်းတစ်ကျွန်းပေါ်တွင် တည်ရှိသည်။ ယင်းမြို့ကို ၂၀၀၀ပြည့်နှစ်တွင် ကုလသမဂ္ဂ ယဉ်ကျေးမှုအေဂျင်စီ ယူနက်စကိုက ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်နေရာအဖြစ် သတ်မှတ်ထားသည်။

တည်ထောင်ပေး

၎င်းမြို့သည် ဆီနီဂေါအနီး မောရိသျှနယ်စပ်၌ရှိသည်။ ၁၇ရာစု၌ ပြင်သစ်က မြို့တည်ထောင်ပေးခဲ့ခြင်းဖြစ်သည်။ ယင်းမြို့သည် အာဖရိကနှင့် မောရိသျှအနောက်ပိုင်းတွင် တစ်ချိန်က ပြင်သစ်ကိုလိုနီနိုင်ငံ တစ်နိုင်ငံဖြစ်ခဲ့သည်။

(အင်တာနက်)

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ကားဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဇွန် ၁၃ရက်က တွေ့ရစဉ်။

(ယင်းကားဗုံးခွဲတိုက်ခိုက်မှုကြောင့် လေးဦးသေဆုံးပြီး ခုနစ်ဦးဒဏ်ရာရရှိသည်။) (အင်တာနက်ဓာတ်ပုံ)

နိုင်ငံတကာ မောင်းယဉ်ကျေးမှုပွဲတော် ဗီယက်နမ်နိုင်ငံ၌ လက်ခံကျင်းပမည်

ဟန္နိုင်း ဇွန် ၁၄

ဗီယက်နမ်နိုင်ငံ၌ နိုင်ငံတကာ မောင်းယဉ်ကျေးမှုပွဲတော်ကို ကျင်းပမည်ဖြစ်ကြောင်း ဒေသဆိုင်ရာ ယဉ်ကျေးမှုအေဂျင်စီက ဇွန် ၁၃ရက်တွင် ပြောကြားသည်။

ပြောကြား

အဆိုပါနိုင်ငံတကာ မောင်းယဉ်ကျေးမှုပွဲတော်ကို ဗီယက်နမ်နိုင်ငံ၏ ကုန်းမြင့် အလယ်ပိုင်းပြည်နယ်ဖြစ်သည့် ဂျီယာလိုင်ပြည်နယ်၌ လာမည့် မတ်လ၌ ကျင်းပမည်ဖြစ်ကြောင်း၊ ယင်းပွဲတော်သို့ နိုင်ငံနှင့် ဒေသငါးခုမှ လက်မှုအနုပညာရှင်များ တက်ရောက်ရန် မျှော်လင့်ထားကြောင်း ၎င်းအေဂျင်စီက ပြောကြားသည်။

ဗီယက်နမ်နိုင်ငံ၏ မောင်းယဉ်ကျေးမှုသည် အနုပညာလက်ရာ မြောက်သည့် လက်ရာအဖြစ် ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့က ၂၀၀၅ခုနှစ်တွင် အသိအမှတ်ပြုထားသည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

ရုရှား၌ ရထားတိမ်းမှောက် ခရီးသည် ၆၀ကျော် ဒဏ်ရာရ

မော်စကို ဇွန် ၁၄

ရုရှားနိုင်ငံအရှေ့ပိုင်း အမာဒေသတွင် ဇွန်၁၂ရက်က ခရီးသည်တင်ရထားတစ်စင်းလမ်းချော်တိမ်းမှောက်မှုဖြစ်ပွားခဲ့ရာ ခရီးသည်၆၀ကျော်ဒဏ်ရာရရှိသွားခဲ့သည်။ အဆိုပါရထားမှာ ရှိမန်နိုဗက်ဇ်ဘူတာရုံအနီးတွင် တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။ ဒဏ်ရာရရှိသူများအနက် ၁၄ဦးကို ဆေးရုံသို့တင်ပို့ပေးခဲ့ပြီး ခြောက်ဦး၏ အခြေအနေမှာ စိုးရိမ်ရကြောင်း ရုရှားအရေးပေါ်ကယ်ဆယ်ရေးအဖွဲ့ကပြောကြားသည်။

ခရီးသည်များအား ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ထပ်လောင်းပြောကြားသည်။

(အင်တာနက်)

အင်ဒိုနီးရှားနိုင်ငံ၏ အရှည်ဆုံးတံတား ၂၀၀၉ခုနှစ်၌ ပြီးစီးမည်

အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားပြည်နယ် ဆူရာဘာရာမြို့နှင့် မာဒူရာကျွန်းကို ဆက်သွယ်ထားသည့် အင်ဒိုနီးရှားနိုင်ငံ၏ အရှည်ဆုံးတံတား ဆာရာမာဒူမှာ ၂၀၀၉ခုနှစ်တွင် တည်ဆောက်ပြီးစီးမည်ဖြစ်သည်။

စတင်သုံး

တံတားအရှည် ၅ဒသမ ၅ကီလိုမီတာရှည်လျားသည့် ဆာရာမာဒူတံတားမှာ ယခုအချိန်တွင် ၈၂ရာခိုင်နှုန်း ပြီးစီးနေပြီး ၂၀၀၉ခုနှစ် မတ်လတွင် စတင်အသုံးပြုနိုင်မည်ဖြစ်သည်။

တံတားတည်ဆောက်မှုအတွက် အမေရိကန်ဒေါ်လာ၅၀၃သန်းအကုန်အကျခံကာ တရုတ်ကုမ္ပဏီနှင့်အင်ဒိုနီးရှား ကုမ္ပဏီတို့ ပူးပေါင်း တည်ဆောက်ခြင်း ဖြစ်သည်။

မြန်မာ့အလင်း ပြည်ပသတင်း ၁၄-၆-၂၀၀၈

နောက်ဆုံးဖြစ်ရပ်များ

ဘရာဇီး၌ ရေနံသိုက်ရှာဖွေတွေ့ရှိ

ဘရာဇီးနိုင်ငံပိုင် ပတ်ထရိုဘာ ရေနံကုမ္ပဏီအနေဖြင့် ဘရာဇီးနိုင်ငံ အရှေ့တောင်ဘက် ကမ်းလွန်ပင်လယ်ပြင်တွင် ရေနံသိုက် ရှာဖွေတွေ့ရှိခဲ့ကြောင်း သတင်းထုတ်ပြန်သည်။

အဆိုပါ ရေနံသိုက်ကို ဂူရာဟုအမည်ပေးထားပြီး ပင်လယ်ကမ်းခြေမှ ကီလိုမီတာ၃၁၀အကွာ ပင်လယ်ရေအောက်မီတာ ၅၀၀၀အကွာတွင် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။ ဘရာဇီးနိုင်ငံသည် ယင်းရေနံသိုက်မှ ရေနံများ စတင်ထုတ်လုပ်နိုင်ပါက ကမ္ဘာ့ရေနံနှင့်ဓာတ်ငွေ့ထွက်ရှိသည့် ထိပ်သီးနိုင်ငံများတွင် ပါဝင်လာမည်ဖြစ်သည်။

တရုတ်၌ ဘွိုင်လာအိုးပေါက်ကွဲ နှစ်ဦးသေဆုံး၊ သုံးဦးဒဏ်ရာရ

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း နင်ဇီဟူ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဒေသရှိ အစားအသောက် ထုတ်လုပ်ရေးစက်ရုံ၌ ဘွိုင်လာအိုးပေါက်ကွဲမှု ဖြစ်ပွားရာ နှစ်ဦးသေဆုံးပြီး သုံးဦး ဒဏ်ရာရရှိသွားခဲ့သည်။

စိုးရိမ်ဖွယ်မရှိ

ဒဏ်ရာရရှိသူ သုံးဦးကို ဆေးရုံသို့ အလျင်အမြန်တင်ပို့ပေးခဲ့ပြီး တစ်ဦးမှာ ပြင်းထန်စွာ မီးလောင်မှုဒဏ်ခံစားရကြောင်း၊ သို့သော် အသက်အန္တရာယ် စိုးရိမ်ဖွယ်မရှိကြောင်း ကယ်ဆယ်ရေးအဖွဲ့က ပြောကြားသည်။

ဘဝအမောပြေ

ဒရိုင်ဘာတစ်ယောက်ဖြစ်မှာပေါ့ ....

လူငယ်ကလေးတစ်ယောက်သည် မြို့ပတ် ကားတစ်စီးပေါ်သို့ တက်ကာ ဒရိုင်ဘာ၏ဘေးခုံတွင်ထိုင်လျက် အောက်ပါအတိုင်းအော်ဟစ်ရွတ်ဆိုလေသည်။

လူငယ် - "ငါ့အဖေက နွားထီးဖြစ်ပြီး ငါ့အမေက နွားမ ဖြစ်ရင် ငါဟာ နွားကလေးတစ်ကောင်ဖြစ်မှာပဲ"

ဒရိုင်ဘာသည် ဆူညံစွာ အော်မြည်နေသော လူငယ်လေး၏ အသံကို နားကြားပြင်းကတ်လာလေသည်။ ထိုအချိန်တွင် လူငယ်လေး ဆက်လက်ရွတ်ဆိုသည်မှာကား....

လူငယ် - "ငါ့အဖေက ဆင်ထီးဖြစ်ပြီး ငါ့အမေက ဆင်မ ဖြစ်ရင် ငါဟာ ဆင်ကလေးတစ်ကောင်ဖြစ်မှာပဲ"

လူငယ်လေးသည် ဒရိုင်ဘာ နားမခံသာအောင် အထက်ပါအတိုင်း တိရစ္ဆာန်မျိုးစုံအား ဆက်လက်ရေရွတ်နေလေရာ စိတ်ဆိုးဒေါသထွက်နေသော ဒရိုင်ဘာက စိတ်ပေါက်ပေါက်နှင့် ယင်းလူငယ်အား မေးလိုက်သည်မှာ....

ဒရိုင်ဘာ- "မင်းအဖေက ဆိုက်ကားသမားဖြစ်ပြီး မင်းအမေက လမ်းဘေးဈေးသည်ဖြစ်နေရင်ကော မင်းက ဘာဖြစ်မလဲ"

ထိုအခါ လူငယ်က ပြုံး၍ပြန်ဖြေလိုက်သည်မှာ-

လူငယ် - "ကျွန်တော်ဟာ ဒရိုင်ဘာတစ်ယောက်ဖြစ်မှာပေါ့"

ဒရိုင်ဘာ- "ဟိုက်"

တူရကီ ဆက်သွယ်ရေးဂြိုဟ်တု လွှတ်တင်

တူရကီနိုင်ငံ၏ နောင်အနာဂတ်ကာလအတွက် ဆက်သွယ်ရေးဂြိုဟ်တုသစ် တက်စ်ဆတ်-၃အေ ဂြိုဟ်တုကို ပြင်သစ်ဂီယာနာ အခြေစိုက် အာကာသလွှတ်တင်ရေးစခန်းမှ လွှတ်တင်လိုက်ပြီဖြစ်သည်။

လွှမ်းခြုံပို့လွှတ်

တက်စ်ဆတ်-၃အေ ဂြိုဟ်တုမှ ပထမပိုင်းက လွှတ်တင်ထားသည့် တက်စ်ဆတ်-၁စီ ဂြိုဟ်တုနေရာတွင် အစားထိုးအသုံးပြုနိုင်ပြီး ဆက်သွယ်ရေး နည်းပညာသစ်များအပြင် ရုပ်သံထုတ်လွှင့်မှုအစီအစဉ်များအား တူရကီ၊ ဥရောပ၊ အရှေ့အလယ်ပိုင်း၊ တောင်အာဖရိကနှင့် အာရှတိုက် အလယ်ပိုင်းသို့ပါ လွှမ်းခြုံပို့လွှတ်နိုင်မည်ဖြစ်သည်။

ပလူတိုဂြိုဟ်ကို ဂြိုဟ်စာရင်းမှ ပယ်ဖျက် နေကိုလှည့်ပတ်နေသော ဂြိုဟ်ကြီးရှစ်လုံးသာရှိ

ဝါရှင်တန် ဇွန် ၁၄

ကျွန်ုပ်တို့ နေစကြဝဠာ အဖွဲ့အစည်းအတွင်း ဂြိုဟ်ကြီးကိုးလုံးရှိသည့်အနက် ပလူတိုဂြိုဟ်မှာ ဂြိုဟ်အဆင့်မရှိကြောင်း၊ ဂြိုဟ်သိမ်ဂြိုဟ်မွှားသာဖြစ်ကြောင်း၊ ယင်းအတွက် ဂြိုဟ်စာရင်းမှ ပယ်ဖျက်ပြီး ပလူတွိုက်များဟုသာ ခေါ်ဆိုမည်ဖြစ်ကြောင်း နက္ခတ္တဗေဒဆိုင်ရာ သိပ္ပံပညာရှင်များက ပြောကြားသည်။

ပလူတိုဂြိုဟ်အား ဂြိုဟ်ကြီးကိုးလုံးစာရင်းမှပယ်ဖျက်ပြီး ဂြိုဟ်ကြီးရှစ်လုံးသာရှိတော့မည်ဖြစ်ကြောင်း နော်ဝေနိုင်ငံ အော်စလိုမြို့၌ကျင်းပသော အမှုဆောင်ကော်မတီ အစည်းအဝေးတွင် နိုင်ငံတကာ နက္ခတ္တဗေဒဆိုင်ရာသမဂ္ဂ ကြေညာချက်၌ ဖော်ပြထားသည်။

နက်ပကျွန်းဂြိုဟ်ထက်ဝေးပြီး နေကိုလှည့်ပတ်နေသော ဂြိုဟ်သိမ်ဂြိုဟ်မွှားများကို ပလူတွိုက်အဖြစ် သတ်မှတ်မည်ဟုဆိုသည်။ ယင်းပလူတွိုက်များကို စီရက်စ်နှင့် အီရစ်ဟု ခေါ်ဆိုမည်ဖြစ်သည်။

ပယ်ဖျက်

နိုင်ငံတကာနက္ခတ္တဗေဒဆိုင်ရာသမဂ္ဂက ပလူတိုဂြိုဟ်ကို ဂြိုဟ်စာရင်းမှ ပယ်ဖျက်လိုက်ပြီဖြစ်သဖြင့် နေစကြဝဠာ အဖွဲ့အစည်းအတွင်း ဂြိုဟ်ကြီးရှစ်လုံးသာရှိတော့မည်ဟု သိပ္ပံပညာရှင်များအနေဖြင့် ပြန်လည်သတ်မှတ်ရလိမ့်မည်ဖြစ်သည်။

ယင်းဂြိုဟ်အဆင့်ကျန်ရှိသည့် အဓိကဂြိုဟ်များမှာ ဗုဒ္ဓဟူးဂြိုဟ်၊ သောကြာဂြိုဟ်၊ ကမ္ဘာဂြိုဟ်၊ အင်္ဂါဂြိုဟ်၊ ကြာသပတေးဂြိုဟ်၊ စနေဂြိုဟ်၊ ယူရေးနပ်ဂြိုဟ်နှင့် နက်ပကျွန်းဂြိုဟ်တို့ဖြစ်သည်။ **(အင်တာနက်)**

အာကာသသိပ္ပံ

နိုင်ငံရေးတည်ငြိမ်သည့် ဂါဘွန်သမ္မတနိုင်ငံ

သတင်းအက်ဆေး

ဂါဘွန်သမ္မတနိုင်ငံသည် ဗဟိုအာဖရိကအနောက်ဘက်အတ္တလန္တိတ်ကမ်းခြေဒေသတွင် တည်ရှိသည်။ အာဖရိကတိုက်အနောက်ပိုင်း နိုင်ငံများတွင် လွန်စွာတည်ငြိမ်သည့်နိုင်ငံဖြစ်သည်။ ဤနိုင်ငံသည် ၁၉၆၀ပြည့်နှစ်တွင် ပြင်သစ်လက်အောက်မှ လွတ်လပ်ရေးရကတည်းက ယခုအထိ နိုင်ငံတော်အကြီးအကဲဖြစ်သူ သမ္မတနှစ်ဦးသာရှိသေးသည်။ လက်ရှိသမ္မတ အိုမာဘွန်ဂိုမှာ ၁၉၆၇ခုနှစ်ကတည်းက အာဏာရလာသူဖြစ်သည်။

ကင်းလွတ်

ဂါဘွန်သမ္မတနိုင်ငံတွင် လူမျိုးစုပေါင်း ၄၀ကျော် မှီတင်းနေထိုင်သော်လည်း အခြားသော အာဖရိကနိုင်ငံများ ကြုံတွေ့ရသည့် ပဋိပက္ခဖိစီးနိုပ်စက်မှုမျိုးမှ ကင်းလွတ်လျက်ပင်ရှိသည်။

ရွေးချယ်တင်မြှောက်

ဤနိုင်ငံ ဤဒေသသို့ ပေါ်တူဂီများ ၁၄၇၀ပြည့်နှစ်တွင် ရောက်လာသည်။ ၁၉၁၀ပြည့်နှစ်တွင် ဂါဘွန်သည် ပြင်သစ် အီကွေတိုရီယယ်အာဖရိက၏ အစိတ်အပိုင်းတစ်ခုဖြစ်လာသည်။၁၉၆၀ပြည့်နှစ်တွင်ဂါဘွန်နိုင်ငံ လွတ်လပ်ရေးရသည်။ ၁၉၆၁ခုနှစ်တွင် လီယွန်အမ်ဘာ သမ္မတအဖြစ်ရွေးချယ်တင်မြှောက်ခံရသည်။

၁၉၆၄ ခုနှစ်တွင် စစ်တပ်က အာဏာသိမ်းမှုကို ပြင်သစ်တပ်များက ချေမှုန်းပြီးနောက် ပြင်သစ်နိုင်ငံက လီယွန်အမ်ဘာကို သမ္မတအဖြစ် ပြန်လည် နေရာပေးလိုက်သည်။ ၁၉၆၇ခုနှစ်တွင် သမ္မတ အမ်ဘာ ကွယ်လွန်ပြီးနောက် ဘွန်ဂိုသမ္မတ ဖြစ်လာသည်။ ၁၉၇၃ခုနှစ်တွင် သမ္မတဘွန်ဂိုအစ္စလာမ်ဘာသာသို့ ကူးပြောင်းပြီး အမည်ရှေ့တွင် အိုမာထည့်သွင်းလိုက်သည့်အတွက် အိုမာဘွန်ဂိုဖြစ်လာသည်။ ၁၉၉၃ခုနှစ်တွင် ရွေးကောက်ပွဲကျင်းပသောအခါ အိုမာဘွန်ဂိုရွေးချယ်ခံရသည်။ ၁၉၉၈ခုနှစ် သမ္မတရွေးကောက်ပွဲတွင် သမ္မတသက်တမ်းခုနစ်နှစ်အတွက်ပြန်လည်ရွေးချယ်ခံရသည်။

ပြင်ဆင်

၂၀၀၃ခုနှစ် ဇူလိုင်လတွင်သမ္မတ အိုမာဘွန်ဂိုအား အလိုရှိသလောက် သမ္မတရွေးကောက်ပွဲများတွင်ပြန်လည် အရွေးခံခွင့်ပေးရန် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်လိုက်သည်။

၂၀၀၅ခုနှစ် နိုဝင်ဘာလ သမ္မတရွေးကောက်ပွဲတွင် အိုမာဘွန်ဂို ပြန်လည် ရွေးချယ်တင်မြှောက်ခံရသည်။ ၂၀၀၆ခုနှစ် ဒီဇင်ဘာလ ပါလီမန်ရွေးကောက်ပွဲတွင် သမ္မတဘွန်ဂို၏ ပါတီ အနိုင်ရသည်။

၂၀၀၈ခုနှစ် ဇန်နဝါရီလတွင် အင်န်ဂျီအို အဖွဲ့ ၂၀တို့ နိုင်ငံရေးတွင် ဝင်ရောက် စွက်ဖက်မှုဖြင့် အစိုးရက ယာယီပိတ်ပင်လိုက်သည်။

အရွေးခံခွင့်

သမ္မတအိုမာဘွန်ဂိုသည်အာဖရိကတိုက်တွင် ရာထူးသက်တမ်း အရှည်ဆုံး နိုင်ငံ့အကြီးအကဲဖြစ်သည်။ လွတ်လပ်ရေးရစ နိုင်ငံတော်အကြီးအကဲသမ္မတ

လီယွန်အမ်ဘာကို ရာထူးဆက်ခံသူဖြစ်ပြီး ၂၀၀၅ခုနှစ်ကုန်ပိုင်းတွင်သမ္မတ ရာထူး သက်တမ်းအတွက် ထပ်မံရွေးချယ် တင်မြှောက်ခံရသူဖြစ်သည်။ ယခုအခါတွင်ကြိုက်နှစ်သက်သလောက် အကြိမ် အကန့်အသတ်မရှိ သမ္မတရွေးကောက်ပွဲ၌ ပြန်လည်ယှဉ်ပြိုင်အရွေးခံခွင့်ရထားသည့်သမ္မတဖြစ်လာသည်။

ဂုဏ်ပြုမှတ်တမ်းတင်

သမ္မတအိုမာဘွန်ဂိုသည် ဂါဘွန်နိုင်ငံရေးတည်ငြိမ်မှုရှိအောင်ထိန်းသိမ်းရသူအဖြစ် သူ့ကိုယ်သူ ခံယူကြေညာထားသူဖြစ်သည်။ သူသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို အားပေးသည့်အတွက် ဂုဏ်ပြုမှတ်တမ်းတင်ခံရသူလည်းဖြစ်သည်။

ရေနံတင်ပို့ရောင်းချမှုနှင့်လူဦးရေနည်းပါးမှုတို့ကြောင့် အိမ်နီးချင်းနိုင်ငံများနှင့်နှိုင်းယှဉ်လျှင် တစ်ဦးချင်းဝင်ငွေမှာ မြင့်မားသည်။ သို့သော် ပြည်သူအများစုမှာ ဆင်းရဲလျက်ရှိသည်။

ကွာဟ

မြို့ပြ လူနည်းစု လက်တစ်ဆုပ်စာနှင့် ကျေးလက်ဆင်းရဲသားများအကြား ဆင်းရဲချမ်းသာ ကွာဟမှုက ရှိနေသည်။

အထောက်အကူပြု

ဤနိုင်ငံ၏ရေနံသိုက်မှာ ရေနံထွက် လျော့နည်းလာချိန်တွင် သဘာဝနှင့်တိရစ္ဆာန်များကို စိတ်ဝင်စားသော ကမ္ဘာ့လှည့် ခရီးသွားလုပ်ငန်းက စီးပွားရေး ဖွံ့ဖြိုး တိုးတက်လာစေရန် အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း။ ။

ကိုးကား-အင်တာနက်

တိုး ရေးသားသည်

ဘဝဒဿနအမြင်

* ***A friend to all is a friend to none.***
  အားလုံး၏မိတ်ဆွေသည် မည်သူ၏မိတ်ဆွေမှ မဟုတ်ပေ။

အရစ္စတိုတယ်
(အမေရိကန်လူမျိုး ကျွန်စနစ်တိုက်ဖျက်ရေးသမား)

* ***He that is down needs fear no fall.***
  လဲကျဖူးသူသည် လဲမှာကို မကြောက်တော့ပေ။

ဂျွန်ဘန်ယန်း
(အင်္ဂလိပ်လူမျိုးစာရေးဆရာ)

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်း နှင့် အေးသန္တာသိန်း

မြန်မာ့အလင်း မိုးလေဝသသတင်း

အနောက်တောင်မုတ်သုံလေ အားအလွန်ကောင်းလျက်ရှိ

သန်းဇော် ကိုးကားတင်ပြသည်

ရန်ကုန် ဇွန် ၁၄

ဇွန် ၁၄ ရက် နံနက် ၉ နာရီခွဲ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ချက်အရ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် ဒေသအလိုက် မိုးကြီးခဲ့၍ ဧရာဝတီတိုင်း၊ စစ်ကိုင်းတိုင်း(အောက်ပိုင်း)နှင့် ကရင်ပြည်နယ်တို့၌ နေရာကွက်၍ မိုးသည်းထန်စွာရွာသွန်းခဲ့သည်။



ရေးမြို့တွင် ၇ဒသမ ၃၆ လက်မအထိ ရွာသွန်းပြီး ဘားအံမြို့တွင် ၄ဒသမ ၉၆ လက်မ၊ မော်လမြိုင်မြို့တွင် ၄ဒသမ ၈၈လက်မ၊ ထားဝယ်မြို့တွင် ၄ဒသမ ၂၅ လက်မ၊ သထုံမြို့တွင် ၄ဒသမ ၀၅လက်မ၊ ပုသိမ်မြို့တွင် ၃ ဒသမ ၁၅လက်မနှင့် ဟုမ္မလင်းမြို့တွင် ၂ဒသမ ၀၈လက်မ ရွာသွန်းခဲ့သည်။

မန္တလေးတိုင်းနှင့် ကယားပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲရွာသွန်းခဲ့ပြီး ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။

ဇွန် ၁၅ရက်တွင် နေပြည်တော်နှင့် မန္တလေးမြို့အနီးတစ်ဝိုက်တို့၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်ဖြစ်ပြီး ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးအသင့်အတင့် ရွာသွန်းပြီး ခေတ္တမျှ သည်းထန်နိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

ဇွန် ၁၅ရက် **(ယနေ့)** တွင် ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းတို့၌ နေရာကွက်၍ မိုးသည်းထန်စွာ ရွာသွန်းနိုင်သည်။

အားကောင်း

ချင်းပြည်နယ်၊ ပဲခူးတိုင်းနှင့် စစ်ကိုင်းတိုင်းတို့တွင် နေရာစိပ်စိပ်ရွာသွန်းပြီး ကျန်ဒေသများတွင် မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း၈၀ဖြစ်သည်။ နောက်နှစ်ရက်တွင် မုတ်သုံလေ အားကောင်းနေမည်။

ကပ္ပလီပင်လယ်ပြင်နှင့် ယင်းနှင့် ဆက်စပ်နေသော ဘင်္ဂလားပင်လယ်အော်တို့တွင် အနောက်တောင် မုတ်သုံလေသည် အားကောင်းရာမှ အားအလွန်ကောင်းလျက်ရှိသည်။ အဆိုပါ မုတ်သုံလေအားကောင်းမှုကြောင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၄၅မိုင်မှ မိုင်၅၀အထိ တိုက်ခတ်နိုင်သည်။

မိုးကြီးနိုင်

မုတ်သုံလေ အားကောင်းမှုကြောင့် မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်တွင် ဇွန်၁၄ရက် ညနေမှ နောက်၇၂နာရီအတွင်း နေရာအနှံ့အပြား မိုးရွာသွန်းပြီး နေရာကွက်ကျားမှ ဒေသအလိုက် မိုးကြီးနိုင်ကြောင်း မိုးလေဝသအခြေအနေများကို ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား-မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်

> မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တွင် မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၄၅ မိုင်မှ မိုင် ၅၀အထိ တိုက်ခတ်နိုင်။

ဂျပန်နိုင်ငံကို ဗဟိုပြု၍ အင်အားပြင်းထန်သော မြေငလျင်တစ်ခုလှုပ်

နေပြည်တော် ဇွန် ၁၄

၂၀၀၈ခုနှစ် ဇွန် ၁၄ရက် မြန်မာစံတော်ချိန် နံနက်၀၆နာရီ ၁၈မိနစ် စက္ကန့် ၃၀တွင် ကမ္ဘာ့အေးမြေငလျင်စခန်း၏ အရှေ့မြောက်ဘက်မိုင် ၃၀၀၀ခန့် ကွာဝေးသောနေရာ (ဂျပန်နိုင်ငံ)ကို ဗဟိုပြု၍ အင်အားပြင်းထန်သော မြေငလျင်တစ်ခုလှုပ်သွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက တိုင်းထွာရရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၅-၆-၂၀၀၈ ရက်
(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၇း၅၅ ၅။ ရုပ်မြင်ရသတေးစုကဏ္ဍ
၈း၀၀ ၆။ The Homeland Commonly Owned
၈း၄၅ ၇။ International News
၉း၀၀ ၈။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၄၀ ၄။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
၁၂း၀၀ ၅။ မြန်မာဗီဒီယိုဇာတ်လမ်း **အမှတ်တရအလွဲများ** လွှင်မိုး၊ ခိုင်သင်းကြည် ဒါရိုက်တာ-မောင်သီ
၁၃း၅၅ ၆။ တေးဂီတအစီအစဉ်
၁၄း၁၀ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၄း၄၅ ၈။ International News
၁၅း၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ အဆိုပြိုင်ပွဲ
၄း၂၀ ၃။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄း၄၀ ၄။ တေးဂီတအစီအစဉ်
၄း၅၅ ၅။ ဆိုကြမယ် ပျော်ကြမယ်
၆း၀၀ ၆။ ညနေခင်းသတင်း
၆း၃၀ ၇။ မိုးလေဝသအခြေအနေ
၆း၃၅ ၈။ **ကျော်သွားမှာလား ဖော်စားမှာလား** ခန့်စည်သူ၊ ပုလဲဝင်း၊ သက်မွန်မြင့်၊ ဟေမာန်အောင်အောင်၊ မယ်လိုဒီ ဒါရိုက်တာ-အကယ်ဒမီ မလိခစိုးထိုက်အောင်
၆း၄၅ ၉။ တေးဂီတအစီအစဉ်
၇း၀၀ ၁၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရွှေမင်းသားလေး ချစ်ပုံပြင်** (အပိုင်း-၅)
၈း၀၀ ၁၁။ ပြည်တွင်းသတင်း
၁၂။ နိုင်ငံတကာသတင်းများ
၁၃။ မိုးလေဝသအခြေအနေ
၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **မာယာထောင်ချောက်** (အပိုင်း-၁၀)
၁၅။ အစီအစဉ်ပြီး၏။

မြန်မာ့အလင်း အင်တာနက် အားကစား ဖောင်ပိတ်သတင်း

ဒေးဗစ်ဗီလာဂိုးဖြင့် စပိန်အသင်း နိုင်ပွဲဆက် ကွာတားဖိုင်နယ် တက်ရောက်ရန် သေချာ

ဗီယင်နာ ဇွန် ၁၄

ယူရို ၂၀၀၈ အုပ်စု(ဃ)ပွဲစဉ်များကို ဇွန်၁၄ရက်က ဆက်လက်ယှဉ်ပြိုင် ကစားခဲ့ရာတွင် နာမည်ကြီး စပိန်အသင်းသည် ဆွီဒင်အသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့၍ ကွာတားဖိုင်နယ်တက်ရောက်ရန် သေချာသွားပြီဖြစ်သည်။

စပိန်အသင်းသည် ယခုနှစ် ယူရို ၂၀၀၈ ပြိုင်ပွဲတွင် ခြေစွမ်းပြနေသော အသင်းဖြစ်သည်။ အဖွင့်ပွဲတွင် ရုရှားကို အနိုင်ကစားပြီး တာထွက်ကောင်းခဲ့သော စပိန်တို့ ဆွီဒင်နှင့်ပွဲ၌လည်း ခြေစွမ်းပြကစားခဲ့သည်။

ဆွီဒင်အသင်းတွင် ဝါရင့်ကစားသမားများဖြစ်ကြသည့် လာဆင်၊ ယွန်းဘတ်၊ အီဗရာဟင်မိုဗစ်ချ်စသော ကစားသမားများ ပါဝင်ကစားခဲ့ကြသည်။

စပိန်အသင်းတွင်လည်း ဝါရင့်ကစားသမားများအဖြစ် ပူယိုးလ်၊ အင်နီစတာ၊ ဇာဗီနှင့် တောရက်စ်တို့ ဦးဆောင်ကစားခဲ့သည်။

စပိန်အသင်းအတွက် ပွဲသိမ်းအနိုင်ဂိုးကို တိုက်စစ်မှူး ဒေးဗစ်ဗီလာ (နံပါတ်-၇) က ဤသို့ သွင်းယူခဲ့သည်။

ပွဲစသည်နှင့် တစ်ဖက်နှင့်တစ်ဖက် လျင်လျင်မြန်မြန် ထိုးဖောက်ကစားခဲ့ရာ ပွဲစပြီး ၁၅မိနစ်အကြာ တိုက်စစ်မှူး တောရက်စ်က စပိန်အသင်းတွက် ဖွင့်ဆော်ဦးဂိုး သွင်းယူပေးနိုင်ခဲ့သည်။

တန်ပြန်

ဆွီဒင်တို့ ချေပဂိုးသွင်းနိုင်ရေး တန်ပြန်တိုက်စစ်အရှိန်မြှင့်ကစားခဲ့ရာ ပွဲချိန် ၃၄မိနစ်တွင် ဆွီဒင်တိုက်စစ်မှူး အီဘရာဟင်မိုဗစ်ချ်က စပိန်နောက်တန်းလူများကြားမှ ခက်ခက်ခဲခဲ ထိုးဖောက်လျက် ချေပဂိုးသွင်းယူပေးနိုင်ခဲ့သည်။

တစ်ဖက်တစ်ဂိုးစီ သရေဖြစ်သွားသဖြင့် ဒုတိယပိုင်းတွင် အနိုင်ဂိုးသွင်းနိုင်ရေး အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ပြန်သည်။ စပိန်တို့ ဆွီဒင်အသင်းဘက်သို့ ဆက်တိုက်ထိုးဖောက်ခဲ့ရာ ပွဲသိမ်းလေလွင့်ချိန်တွင် စပိန်တိုက်စစ်မှူး ဒေးဗစ်ဗီလာက အနိုင်ဂိုး သွင်းယူပေးနိုင်ခဲ့သည်။

စပိန်အသင်း ယခုပွဲအနိုင်ရလိုက်၍ အုပ်စုတွင် ရမှတ်ခြောက်မှတ်ဖြင့် ဦးဆောင်နိုင်ခဲ့ပြီဖြစ်သည်။ ဇွန်၁၈ရက်တွင် နောက်ဆုံးပွဲအဖြစ် ဂရိနှင့် ကစားရန်သာရှိတော့သည်။

ယနေ့ကစားမည့် အုပ်စု(က) နောက်ဆုံးပွဲစဉ်များ

တူရကီ - ချက်
ဆွစ်ဇာလန် - ပေါ်တူဂီ

မြန်မာ့အလင်း နိုင်ငံတကာသဘာဝဘေးအန္တရာယ် ဖောင်ပိတ်သတင်း

ဂျပန်နိုင်ငံအရှေ့မြောက်ပိုင်း၌ အင်အားပြင်းငလျင်လှုပ် ခြောက်ဦးသေဆုံး၊ ၁၀၀ ကျော်ဒဏ်ရာရရှိ

တိုကျို ဇွန် ၁၄

ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်း၌ ဇွန် ၁၄ ရက် နံနက်ပိုင်းက ပြင်းအား ၇ ဒသမ ၂ ရစ်ချ်တာစကေးရှိ အင်အားပြင်းငလျင်လှုပ်ခဲ့ရာ ခြောက်ဦးသေဆုံးပြီး ၁၀၀ကျော် ဒဏ်ရာရရှိသွားကြောင်း ဂျပန်မီဒီယာများက သတင်းထုတ်ပြန်သည်။

ဗဟိုပြု

ယင်းငလျင်မှာ အီဝါတေးခရိုင်တောင်ပိုင်း မြေအောက် ၈ကီလိုမီတာအနက်တွင် ဗဟိုပြုလျက် လှုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ငလျင်ဒဏ်ကို အီဝါတေးနှင့် မီယာဂီခရိုင်ရှိ နေအိမ် ၂၉၀၀၀ခန့် ခံခဲ့ရကြောင်း၊ အထူးသဖြင့် တိုကျိုအပါအဝင် ဟွန်ရှူးကျွန်း အရှေ့မြောက်ဘက်ဒေသများ ငလျင်ဒဏ်ခံခဲ့ရကြောင်း ဂျပန်မိုးလေဝသ အေဂျင်စီက ပြောကြားသည်။

မြေပြို

ယင်းငလျင်ကြောင့် မီယာဂီခရိုင် ကူရီဟာရာမြို့၌ တံတားပြိုကျ၍ လမ်းများပျက်စီးသွားကြောင်း **(ဝဲပုံ)**၊ ငလျင်ကြောင့် မြေပြိုမှုဖြစ်ပွားရာ အလုပ်သမားသုံးဦး ပျောက်ဆုံးနေကြောင်း၊ ဘတ်စ်ကားတစ်စီးမှာလည်း ငလျင်ကြောင့် မြေပြိုပိနေပြီး ခရီးသည် ၁၇ဦး ပိတ်မိနေကြောင်း သတင်း၌ ဖော်ပြသည်။

ပိတ်ထား

မြေငလျင်လှုပ်ပြီးနောက် တိုဟိုကုရှင်ကန်ဆန် ရထားလိုင်းပြေးဆွဲမှုများ ရပ်ဆိုင်းပြီး မီယာဂီခရိုင်၌ အဝေးပြေးကားလမ်းအားလုံး ပိတ်ထားရကြောင်း ကျိုဒိုသတင်းဌာနက ဖော်ပြသည်။

တရုတ်တောင်ပိုင်းရေကြီး ခြောက်ဦးသေဆုံး

ပေကျင်း ဇွန် ၁၄

တရုတ်နိုင်ငံတောင်ပိုင်း၌ မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ရေကြီးကာ ခြောက်ဦးသေဆုံးခဲ့ကြောင်း၊ ဂွမ်ဒေါင်းပြည်နယ် လီချန်မြို့ရှိ ပြည်သူတစ်သိန်းခန့်ကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။ (ကိုးကား-အင်တာနက်)

မက္ကဆီကို၌ အပူပိုင်းမုန်တိုင်းတိုက်ခတ် ပြည်သူအများအပြား ဒုက္ခကြုံတွေ့နေရ

မက္ကဆီကိုစီးတီး ဇွန် ၁၄

မက္ကဆီကိုနိုင်ငံ ဗာရာခရုဇ်ပြည်နယ်၌ ဇွန် ၁၃ ရက်က အပူပိုင်းမုန်တိုင်းတစ်ခု တိုက်ခတ်ခဲ့ရာ မြို့ပေါင်း ၄၄ ခုမှ ပြည်သူ ၂၁၀၀၀၀ကျော်တို့ မုန်တိုင်းဒဏ်ခံစားရကြောင်း ဗာရာခရုဇ်ပြည်နယ်မြို့ပြ ဘေးအန္တရာယ်တားဆီးရေးဌာနက ပြောကြားသည်။

ယင်းမုန်တိုင်းကြောင့် မိုးများအဆက်မပြတ်ရွာသွန်းခဲ့ကြောင်း **(အပေါ်ပုံ)**၊ ပြည်သူအများစု အိုးအိမ်မဲ့ဖြစ်ခဲ့ရကြောင်း၊ အစိုးရက ယင်းမြို့များ၌ အရေးပေါ်အခြေအနေတစ်ရပ်ကြေညာထားရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

စုစည်းတင်ပြသူ-မြင့်မောင်စိုး

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် မွန်ပြည်နယ်၌ သစ်ပင်စိုက်ပွဲတော်များ ကျင်းပ

ရန်ကုန် ဇွန် ၁၄

မွန်ပြည်နယ် ၂၀၀၈ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပွဲအခမ်းအနားကို ဇွန်၅ရက်က မော်လမြိုင်မြို့ အထွေထွေရောဂါကုဆေးရုံကြီးဝင်း၌ကျင်းပရာ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းက ပိတောက်ပင်ကိုလည်းကောင်း၊ မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မြင့်မြင့်စိုးက ပျဉ်းမပင်ကိုလည်းကောင်း အမှတ်တရ စိုက်ပျိုးပေးကြသည်။ (အပေါ်ပုံ)

ထို့နောက်တိုင်းမှူးသည် ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဝန်ထမ်းများက ကြီးမြန်သစ်ပင်များ တပျော်တပါးစိုက်ပျိုးနေမှုကို လည်းကောင်း၊ မော်လမြိုင်မြို့ပေါ်ရှိ ရပ်ကွက်များမှ ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ဆေးရုံကြီးဝန်းကျင်၌ ချုံနွယ်များခုတ်ထွင်ရှင်းလင်းနေမှု၊ သန့်ရှင်းရေးဆောင်ရွက်နေမှုတို့ကိုလည်းကောင်း ကြည့်ရှုအားပေးသည်။

ဆက်လက်၍တိုင်းမှူးသည်သွေးလှူဘဏ်ဌာန၌ လူမှုရေးအသင်းအဖွဲ့ဝင်များက သွေးလှူဒါန်းနေမှုကို လိုက်လံကြည့်ရှုအားပေးပြီး ထောက်ပံ့ပစ္စည်းငွေများ ပေးအပ်သည်။

တပျော်တပါးစိုက်ပျိုး

ယင်းနောက်တိုင်းမှူးသည်မော်လမြိုင်မြို့ မြိုင်ရတနာဈေးသို့ သွားရောက်၍ ၂၀၀၈ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲတော်တွင် ပိတောက်ပင်ကို အမှတ်တရ စိုက်ပျိုးပေးပြီး ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဈေးသူဈေးသားများက မြိုင်ရတနာဈေးပတ်ဝန်းကျင်၌ ပန်းအလှပင်များတပျော်တပါးစိုက်ပျိုးနေမှုကိုလည်းကောင်း၊ ဈေးပတ်ဝန်းကျင်တွင် သန့်ရှင်းရေးဆောင်ရွက်နေမှုနှင့် ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများက ဆေးဖျန်းစက်များဖြင့် ခြင်နှိမ်နင်းရေးဆောင်ရွက်နေမှုတို့ကိုလည်းကောင်း လိုက်လံကြည့်ရှုအားပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စင်ကာပူသမ္မတနိုင်ငံရွှေကျောင်းဆရာတော် လေဘေးသင့်ပြည်သူများအတွက်ငွေလှူဒါန်း

ရန်ကုန် ဇွန် ၁၄

အလှူရှင်စင်ကာပူသမ္မတနိုင်ငံရွှေကျောင်း ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇဗန်ရှီဖာဇော့ (Van Shi Fazho. Golden Pagoda Buddhist Temple)က လေဘေးသင့် ပြည်သူများအတွက် အလှူငွေကျပ်သိန်း၂၀၀နှင့် ရန်ကုန်တိုင်း တွံတေးမြို့နယ်ရှိ လူမှုဝန်ထမ်းဦးစီးဌာန အမျိုးသမီးများအားပြုစုစောင့်ရှောက်ရေးဌာန(တွံတေး)သို့ အလှူငွေကျပ်သိန်း ၅၀တို့ကိုဇွန်၁၃ရက် နံနက်ပိုင်းက ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီအနီးရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်) မေခလာခန်းမသို့ လာရောက်ပေးအပ်လှူဒါန်းရာ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သင်ကြားရေးဆိုင်ရာအရည်အသွေးမြင့်မားအောင်ဆောင်ရွက် ရန်ကုန်မြို့ရှိတက္ကသိုလ်များနှင့်အခြေခံပညာကျောင်းများ ဝန်ကြီးဒေါက်တာချမ်းငြိမ်း လှည့်လည်ကြည့်ရှုစစ်ဆေးမှာကြား

ရန်ကုန် ဇွန် ၁၄

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် ယမန်နေ့ နံနက် ၁၀ နာရီခွဲက ရန်ကုန်တက္ကသိုလ်သို့ ရောက်ရှိပြီး ဘွဲ့နှင်းသဘင်အစည်းအဝေးခန်းမ၌ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများနှင့် တာဝန်ရှိသူများအားတွေ့ဆုံ၍ သင်ကြားရေးဆိုင်ရာ အရည်အသွေးမြင့်မားအောင် ဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားကာ ရန်ကုန်တက္ကသိုလ်အတွင်းရှိ စာသင်ဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆွေးနွေးမှာကြား

ထိုမှတစ်ဆင့် ဝန်ကြီးသည် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်သို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်၊ ပါမောက္ခ ဌာနမှူးများနှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ သင်ကြားရေးလုပ်ငန်း အရည်အသွေး မြင့်မားရေးတို့ကို ဆွေးနွေးမှာကြားကာ စာသင်ခန်းများအတွင်း စာမေးပွဲစစ်ဆေးရန် ကြိုတင်စီစဉ်ထားရှိမှု၊ စာသင်ဆောင်များ ပြန်လည်ပြုပြင်ပြီး အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ဝန်ကြီးသည်ရန်ကုန်အဝေးသင်တက္ကသိုလ်သို့ရောက်ရှိရာ အစည်းအဝေးခန်းမ၌ ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခဌာနမှူးများအား တွေ့ဆုံသည်။

ထိုမှတစ်ဆင့်ဝန်ကြီးသည်ရန်ကုန်ပညာရေးတက္ကသိုလ်သို့ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခဌာနမှူးများအား တွေ့ဆုံ၍ လိုအပ်သည်များကိုဆွေးနွေးမှာကြားသည်။

စာကြိုးစားသင်ယူ

ဆက်လက်၍ဝန်ကြီးသည် မွန်းလွဲ ၁ နာရီခွဲတွင် စမ်းချောင်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိရာ ကျောင်းရှိ ၄ဝါဆောင် ပြန်လည်ပြင်ဆင်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး စာသင်ခန်းများသို့ လှည့်လည်ကြည့်ရှုကာ ကျောင်းသူများအား စာကြိုးစားသင်ယူရန်၊ လိမ္မာယဉ်ကျေးရန်မှာကြားသည်။

လှည့်လည်ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့်ဝန်ကြီးနှင့်အဖွဲ့သည် ဒဂုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ လမ်းမတော်မြို့နယ်အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း**(အပေါ်ပုံ)**၊ အလုံမြို့နယ် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းနှင့် ကမာရွတ်မြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းများသို့ ရောက်ရှိပြီး စာသင်ဆောင်များ၊ စာသင်ခန်းများ၊ သင်ကြားသင်ယူမှုအထောက်အကူပြု စာသင်ခန်းများ၌ သင်ကြားသင်ယူနေမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးကာ ဝန်ကြီးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပို့ဆောင်ရေးဝန်ကြီးဌာနမှ ပေးပို့သော ဆိပ်ခံတွဲနှင့် အမြန်စက်တပ်ဖိုင်ဘာလှေများ မော်လမြိုင်ကျွန်းမြို့သို့ရောက်ရှိလာ

မော်လမြိုင်ကျွန်း ဇွန် ၁၄

မော်လမြိုင်ကျွန်းမြို့တွင်လေဘေးဒဏ်ခံရပြီး နစ်မြုပ်သွားခဲ့သော ဆိပ်ခံတွဲ အားအစားထိုးနေရာချပေးသည့်အနေဖြင့် ပို့ဆောင်ရေး ဝန်ကြီးဌာန ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်လိုက်ပါလာသော အဖွဲ့သည် ပြည်တွင်းရေကြောင်းပိုင် ဆင်ပြောင် (၁)သင်္ဘောဖြင့် ဆိပ်ခံတွဲ (တ-၁၀၀၆၆)ကိုတွဲယူကာ မော်လမြိုင်ကျွန်းမြို့သို့ ဇွန်၁၂ရက်ညနေ ၆ နာရီက ရောက်ရှိလာသည်။

အဆိုပါမော်လမြိုင်ကျွန်းဆိပ်ခံတွဲ (တ-၁၀၀၆၆)သည် အလျား၁၁၄ပေ ၁၀လက်မရှိ၊ အနံ၁၉ပေ၈လက်မဖောက် ၄ပေ၈လက်မရှိကာ ကုန်သိုလှောင်မှုတန်ချိန် ၁၀၀ရှိကာ အမိုးအကာဖြင့် တည်ဆောက်ထားသောဆိပ်ခံဖြစ်သည်။

ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးအနေဖြင့် မော်လမြိုင်ကျွန်းမြို့နယ်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် အမြန်စက်တပ်ဖိုင်ဘာလှေသုံးစင်းကိုလည်း ယူဆောင်လာခဲ့ကြောင်းသိရသည်။

(သတင်းစဉ်)

နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုသင်တန်းကျောင်း သင်တန်းဖွင့်ပွဲအခမ်းအနား လောက်ကိုင်မြို့၌ ကျင်းပ

ရန်ကုန် ဇွန် ၁၄

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ လောက်ကိုင်မြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များစက်မှုလက်မှုပညာသင်တန်းကျောင်း သင်တန်းအမှတ်စဉ်(၄)ဖွင့်ပွဲ အခမ်းအနားကို ဇွန်၉ရက် နံနက်၈နာရီက သင်တန်းကျောင်းခန်းမ၌ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ နယ်မြေခံတပ်နယ်မှဗိုလ်မှူးချုပ်ဝင်းမောင်နှင့် တပ်မတော်အရာရှိများ၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဝင်း၊ ခရိုင်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ (၁)မှ တိုင်းရင်းသားခေါင်းဆောင်များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

ရှေးဦးစွာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ဝင်းမောင်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးသန်းဝင်းက နယ်စပ်ဒေသလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးဆောင်ရွက်မှုရှင်းလင်းပြောကြားသည်။ ထို့နောက် ဧည့်သည်တော်များသည် အလုပ်ရုံခန်းမအတွင်း သင်တန်းသားများ လက်တွေ့သင်ကြားလေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးကြသည်။

နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ အသက်မွေးဝမ်းကျောင်းပညာရပ်များတတ်မြောက်စေရန် ၄င်းပညာရပ်များတတ်မြောက်၍ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းထူထောင်ခြင်းဖြင့် လူနေမှုဘဝမြင့်မားတိုးတက်လာစေရန်၊ နယ်စပ်ဒေသရှိ စက်မှုလုပ်ငန်းများတွင် ကျွမ်းကျင်လုပ်သားများ ပေါ်ထွက်လာစေရန် ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်သည်။

သင်တန်း အမှတ်စဉ်(၄)တွင် အခြေခံအဆောက်အအုံသင်တန်းသို့ သင်တန်းသား၁၀ဦး၊ စက်ပြင်သင်တန်းသို့ သင်တန်းသား ၁၄ဦး၊ လျှပ်စစ်ဂဟေသင်တန်းသို့ သင်တန်းသား၁၀ဦး စုစုပေါင်းသင်တန်းသား၃၄ဦးတက်ရောက်လျက်ရှိသည်။ သင်တန်းကာလမှာ ရက်သတ္တ၂၄ပတ်ကြာမြင့်မည်ဖြစ်ပြီး သင်တန်းကာလအတွင်းသင်တန်းသားများနေထိုင်စားသောက်ရေးနှင့်သင်ထောက်ကူပစ္စည်းများမှာ အခမဲ့ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၅-၆-၂၀၀၈ (တနင်္ဂနွေနေ့)

AM & PM

၇:၀၀-၁:၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅-၁:၀၅ သောတာပန်ဂုဏ်ရည် တရားတော် [ဆရာတော်အရှင် ဇဝန (မေတ္တာရှင်)]
၇:၅၀-၁:၅၀ Sunday Talk [မျိုးမြတ်သူ၊ကိုကို (စက်မှုတက္ကသိုလ်)]
၈:၃၅-၂:၃၅ တေးဂီတအစီအစဉ်
၈:၄၀-၂:၄၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ“ဒါရိုက်တာ”
၉:၀၀-၃:၀၀ ပြည်တွင်းသတင်းအကျဉ်း
၉:၁၀-၃:၁၀ ကျန်းမာရေးအတွက် အားထားရာ မန္တလေး အထွေထွေရောဂါကုဆေးရုံကြီး
၉:၃၅-၃:၃၅ တေးဂီတအစီအစဉ်
၉:၄၀-၃:၄၀ Yangon Panorama
၁၀:၀၀-၄:၀၀ နိုင်ငံတကာသတင်းအကျဉ်း
၁၀:၀၅-၄:၀၅ တေးဂီတအစီအစဉ်
၁၀:၁၀-၄:၁၀ ကလသာပူရ၏နှလုံးသားပွဲတင်သံ
၁၀:၂၅-၄:၂၅ မိုးလေဝသခန့်မှန်းချက်
၁၀:၃၀-၄:၃၀ ခေတ်မီပျားမွေးမြူရေးလုပ်ငန်း(ပန်းဝတ်မှုန် ထုတ်လုပ်ရေး)
၁၀:၅၀-၄:၅၀ ပြည်တွင်းသတင်းအကျဉ်း
၁၁:၀၀-၅:၀၀ တေးဂီတအစီအစဉ်
၁၁:၀၅-၅:၀၅ မီးမီးရဲ့ဆုံးဖြတ်ချက် (ရုပ်ရှင်သရုပ်ဆောင်များ)
၁၁:၁၅-၅:၁၅ နိုင်ငံတကာသတင်းအကျဉ်း
၁၁:၂၀-၅:၂၀ တေးဂီတအစီအစဉ်
၁၁:၂၅-၅:၂၅ သတ္တုစပ်နည်းပညာမှသည် အကြွင်းမဲ့လုံခြုံမှုဆီသို့
၁၁:၃၅-၅:၃၅ တေးဂီတအစီအစဉ်
၁၁:၄၀-၅:၄၀ နိုင်ငံတကာအနုပညာရေးရာ
၁၂:၀၀-၆:၀၀ Activities In The City
၁၂:၃၀-၆:၃၀ VJ CHOICE
၁:၀၀-၇:၀၀ MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူ ကြည့်ရှုနိုင်ပါသည်။

လေဘေးသင့်ပြည်သူများ၏ ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်လျက်ရှိ မိမိတို့မီဒီယာကလည်း တစ်ဖက်တစ်လမ်းမှ အစွမ်းကုန်ပူးပေါင်းပါဝင်ဆောင်ရွက်

နေပြည်တော် ဇွန် ၁၄

ပြန်ကြားရေးဝန်ကြီးဌာန ၂၀၀၈-၂၀၀၉ ခုနှစ် ကျောင်းနေ ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ခြင်းနှင့် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး လုပ်ငန်း၏ (၃၆)နှစ်မြောက် နှစ်ပတ်လည်နေ့ ဂုဏ်ပြုဆုပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေး ခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းတက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေမန်နေဂျာများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာ၌ ယနေ့သည် ပြန်ကြားရေးဝန်ကြီးဌာနမှ ကျောင်းနေ ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ်ထောက်ပံ့ခြင်းနှင့် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၏ (၃၆)နှစ်မြောက် နှစ်ပတ်လည်နေ့ ဂုဏ်ပြုဆုပေးအပ်ပွဲကျင်းပသည့်နေ့ဖြစ်၍ မင်္ဂလာရှိသည့် နေ့တစ်နေ့ပင် ဖြစ်ကြောင်း။

ရည်မှန်းချက်

မိမိတို့ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ဦးစီးဌာနနှင့် လုပ်ငန်းများ၏ နှစ်ပတ်လည်နေ့များကို ရည်ရွယ်ချက်နှစ်ရပ်ဖြင့် ကျင်းပလေ့ရှိကြောင်း၊ ယင်းရည်ရွယ်ချက် နှစ်ရပ်မှာ မိမိတို့ဌာနအတွက် ပေးအပ်သည့် လုပ်ငန်းတာဝန်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မှု၏ အားသာချက်၊ အားနည်းချက်များကို ပြန်လည်သုံးသပ်ခြင်းနှင့် အောင်မြင်အောင်ဆောင်ရွက်ကြသည့် ဝန်ထမ်းများအား ဂုဏ်ပြုခြင်းပင်ဖြစ်ကြောင်း။

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းအနေဖြင့် ယမန်နှစ်က ချမှတ်ခဲ့သည့် လုပ်ငန်းတာဝန်(၇)ရပ်ကို အောင်မြင်အောင် ဆောင်ရွက်နိုင်သည်ကို တွေ့ရှိရကြောင်း။

လုပ်ငန်းတာဝန်(၉)ရပ်

၂၀၀၈-၂၀၀၉ ခုနှစ်တွင် လုပ်ငန်းတာဝန်(၉)ရပ်ကို ချမှတ်ပြီးဖြစ်ရာ ယင်းလုပ်ငန်းတာဝန်များကို အောင်မြင်အောင် ဆောင်ရွက်သွားရမည်ဖြစ်ပြီး

ပူးပေါင်းဆောင်ရွက်

မုန်တိုင်းဒဏ်သင့်ခံခဲ့ရသော ပြည်သူများ၏ ကယ်ဆယ်ရေးနှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားရေးအဆင့် သတ်မှတ်ပြီး နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ပူးပေါင်းဆောင်ရွက်ချက်များကို မိမိတို့ မီဒီယာကလည်း တစ်ဖက်တစ်လမ်းမှ အစွမ်းကုန် ပူးပေါင်းဆောင်ရွက်သွားရန် ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ဝန်ကြီးဌာန၏ လုပ်ငန်းများရော၊ မိမိတို့လုပ်ငန်း၏ လုပ်ငန်းတာဝန်များကို တိုးတက်အောင်မြင်အောင် အဆင့်ဆင့်သော ဝန်ထမ်းများ အနေဖြင့် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြရန်နှင့် လုပ်ငန်းများ ဆောင်ရွက်ကြရာတွင်လည်း ကောင်းသောယှဉ်ပြိုင်မှုများဖြင့် ကြိုးပမ်း ဆောင်ရွက်သွားကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

ထောက်ပံ့ငွေပေးအပ်

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ရုံးအဖွဲ့မှူး ဦးမြင့်ထွေး၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်၊ ပုံနှိပ်ရေးနှင့် စာအုပ် ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်း၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့် မြန်မာ့ရုပ်ရှင် လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်တို့အား ၂၀၀၈-၂၀၀၉ခု ပညာသင်နှစ် ကျောင်းနေဝန်ထမ်းသားသမီးများအား ဗလာစာအုပ်နှင့် ပညာ သင် စရိတ်အဖြစ် မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် ကျောင်းသားကျောင်းသူ စုစုပေါင်း ၃၅၈၆ ဦးတို့အတွက် ထောက်ပံ့ငွေကျပ် ၁၃၇၀၄၄၀ ကို ပေးအပ်သည်။

မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့် စာပေဗိမာန်ပုံနှိပ်စက်ရုံ၊ ဂျီတီစီပုံနှိပ်စက်ရုံနှင့် ဗဟိုပုံနှိပ်စက်ရုံတို့မှ ထူးချွန်စွာ တာဝန်ထမ်းဆောင်ခဲ့ကြသည့် ဝန်ထမ်းများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း သင်တန်းထူးချွန်ဝန်ထမ်းများအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

အဆိုပါလုပ်ငန်းတာဝန်(၉)ရပ်မှာ (၁) နိုင်ငံတော်က ချမှတ်ထားသည့် မူဝါဒ လမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် မီဒီယာနည်းဖြင့် အစွမ်းကုန် ပါဝင် ဆောင်ရွက်ရန်၊ (၂) အသုံးစရိတ်များကို လျှော့ချပြီး ထုတ်လုပ်မှုနှင့် ဝင်ငွေ တိုးတက်ရရှိရေး အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ရန်၊ (၃) နိုင်ငံတော်၏ မူဝါဒနှင့် အညီ မြန်မာစာပေ မြှင့်တင်ရေးလုပ်ငန်းများနှင့် စာပေလောကနှင့် စာပေ လောကသားများဘဝ တိုးတက်မြင့်မားအောင်ကြိုးပမ်းဆောင်ရွက်ရန်၊ (၄) စာပေ လောကသားများ အမျိုးသားအကျိုးစီးပွားဘက်မှ ပိုမိုပူးပေါင်းဆောင်ရွက်လာ အောင် ကြိုးပမ်းဆောင်ရွက်ရန်၊ (၅) ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းက ကိုင်တွယ်နေသည့် ပုံနှိပ်စက်များအမြဲ Function ဖြစ်နေစေရေးနှင့် ရေရှည် အသုံးပြုနိုင်အောင် ထိန်းသိမ်းဆောင်ရွက်ရန်၊ (၆) ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေ ရေးလုပ်ငန်းများအားလုံး ခေတ်နှင့်အညီ တိုးတက်လာစေရေးဆောင်ရွက်ရန်၊ (၇) လုပ်ငန်းအပ်နှံလာသော နိုင်ငံတော်အဖွဲ့အစည်းအသီးသီး၏ ပုံနှိပ်လုပ်ငန်း များကို အရည်အသွေး ပြည့်မီစွာဖြင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်ပေးရန်၊ (၈) အဘက်ဘက်မှ ခြိုးခြံချွေတာရန်၊ (၉) စိုက်ပျိုးရေး၊ မွေးမြူရေး ဇောက်ချ တိုးချဲ့ဆောင်ရွက်ပြီး ဝန်ထမ်းများ၏ သက်သာချောင်ချိရေးကို ထိထိရောက် ရောက်ဆောင်ရွက်ပေးရန်တို့ ဖြစ်ကြောင်း။

ယနေ့ အခမ်းအနားတွင် ဆုချီးမြှင့်ခြင်းခံရသော စက်ရုံဝန်ထမ်းများအနေ ဖြင့် နောင်နှစ်များတွင် ဆုဆက်လက်ရရှိအောင် ကြိုးပမ်းကြရန်နှင့် ဆုချီးမြှင့်ခြင်း မခံရသေးသူများကလည်း နောင်နှစ်များတွင် ဂုဏ်ပြုဆုချီးမြှင့်ခြင်းခံရအောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။

ဆက်လက်၍ ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက ၂၀၀၇-၂၀၀၈ခုနှစ် အတွက် စံပြစက်ရုံဆုရရှိသော အထက်မြန်မာပြည်အစိုးရပုံနှိပ်စက်ရုံမှ စက်ရုံမှူး အား စံပြစက်ရုံဆုကို ပေးအပ်ချီးမြှင့်သည်။

ဂုဏ်ပြုဆုချီးမြှင့်

ယင်းနောက် ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက ၂၀၀၇-၂၀၀၈ခုနှစ်အတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ချီးမြှင့်သည့် ပြည်သူ့ ဝန်ထမ်းကောင်းတံဆိပ် ရရှိကြသော ဝန်ထမ်း၁၂ဦးနှင့် လူမှုထူးချွန်တံဆိပ် ရရှိကြသော ဝန်ထမ်းနှစ်ဦးတို့အား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြား ရေးမှူး ဦးအောင်ငြိမ်းက စက်ရုံအလိုက် ထောက်ပံ့ငွေများကိုလည်းကောင်း၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းမှ ဝန်ထမ်းများအားလုံးအတွက် တူညီ ဝတ်စုံစရိတ်ထောက်ပံ့ငွေများကိုလည်းကောင်း တာဝန်ရှိသူများအား ပေးအပ် ချီးမြှင့်သည်။

ထူးချွန်ဆုချီးမြှင့်

ဆက်လက်၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ် ဦးခင် မောင်ဌေးက ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းမှသင်တန်းထူးချွန်ဝန်ထမ်း များအားလည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် ဦးချစ်နိုင်က ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းဌာန ခြောက်ခု တို့မှ ထူးချွန်စွာတာဝန်ထမ်းဆောင်ခဲ့ကြသည့် စံပြဝန်ထမ်းများအားလည်း ကောင်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းက ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း နေပြည်တော်ပုံနှိပ်စက်ရုံ၊ အထက် မြန်မာပြည်အစိုးရပုံနှိပ်စက်ရုံ၊ ဖိုတိုလစ်သို ပုံနှိပ်စက်ရုံနှင့် အောင်ဆန်းပုံနှိပ် စက်ရုံတို့မှ ထူးချွန်စွာတာဝန်ထမ်းဆောင်ခဲ့ကြသည့် စံပြဝန်ထမ်းများအားလည်း ကောင်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်က စာပေဗိမာန်ပုံနှိပ်စက်ရုံ၊ ဂျီတီစီပုံနှိပ်စက်ရုံနှင့် ဗဟိုပုံနှိပ်စက်ရုံတို့မှ ထူးချွန်စွာ တာဝန်ထမ်းဆောင်ခဲ့ကြသည့် ဝန်ထမ်းများအားလည်းကောင်း ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက တက်ရောက်လာ ကြသည့် ဝန်ထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

(သတင်းစဉ်)

ဆုပေးအပ်ချီးမြှင့်

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ၂၀၀၇-၂၀၀၈ ခုနှစ်အတွက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီက ချီးမြှင့်သည့် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ် ရရှိကြသော ဝန်ထမ်းများနှင့် လူမှုထူးချွန်တံဆိပ် ရရှိကြသော ဝန်ထမ်းများအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဒို့ကျေးရွာဂျာနယ် အတွဲ(၅)၊ အမှတ်(၁၂)ထွက်ရှိ

ရန်ကုန် ဇွန် ၁၄

ကျေးလက်နေ တောင်သူဦးကြီးတို့အား စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေးနှင့် ဗဟုသုတ အဖြာဖြာ ဖော်ပြပေးနေသော ဒို့ကျေးရွာဂျာနယ် အတွဲ(၅)၊ အမှတ်(၁၂)ကို ဇွန် ၁၅ရက် **(ယနေ့)** ထုတ်ဝေလိုက်ပြီဖြစ်သည်။ **(ဓါတ်ပုံ)**

ယခုအပတ်ဒို့ကျေးရွာဂျာနယ်တွင် ပဲစင်းငုံ အထွက်တိုးအောင် မျှော်မှန်းလုပ်ဆောင်၊ ပိုးသတ်ဆေး အန္တရာယ် ဒို့ကျေးရွာများ ဝိုင်းဝန်းကာကွယ်၊ တစ်ဧကစပါး တင်း ၂၀၀ထွက်လိုလျှင်မြေကိုကောင်းစွာပြင်ဆင်၊ မိသားစုဝင်ငွေတိုးစေဖို့ ပဲတီစိမ်းသီးနှံ စိုက်ပျိုးစို့၊ ဖရုံသခွား စပ်မျိုးတို့စိုက်ပျိုး မိသားစုဝင်ငွေတိုး စသည့် စိုက်ပျိုးရေးဆောင်းပါးများ၊ မိသားစု တစ်နိုင်တစ်ပိုင် ဘဲမွေးမြူရေးစသည့် မွေးမြူရေးဆောင်းပါးများ၊ သတိပြုစရာ အစာအိမ်ရောဂါ၊ ငှက်ဖျားဖြတ် ဆေးတစ်ခွက်၊ အိုင်အိုဒင်းဆား နေ့တိုင်းစားပါ စသည့် ကျန်းမာရေးပညာပေး ဆောင်းပါးများ၊ သတင်းခေတ်မှာ မသိသူသေပြီမှတ်၊ မသိသည်ကိုသိ၊ ဘုန်းတော်ကြီးကျောင်း၊ ကိုယ်အားစိတ်အားရှိသမျှ လှူဒါန်းနိုင်ကြပါသည်၊ စည်သာကျေးရွာ၏ ဈေးကွက်ဝင် ကျူရိုးဖျာလုပ်ငန်း၊ မုန်တိုင်းဒဏ်သင့်ဒေသများမလွဲကေန် ပြန်လည်ဖွံ့ဖြိုး တိုးတက်လာမည်၊ ဆရာလည်း မဟုတ်ဘဲ ဆရာလုပ်ရတော့ စသည့် အသိပညာပေး သုတဆောင်းပါးများနှင့် ပုံပြင်၊ ဟာသ၊ ကာတွန်း၊ ကဗျာ၊ မြန်မာဗီဒီယိုဇာတ်လမ်းများ၊ သတင်းအတိုအထွာများကို သုတ၊ ရသစုံလင်စွာ ဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးများနှင့် ရန်ကုန်စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ ဝါမိုးအောင်စာအုပ်ဆိုင်တို့၌ တစ်စောင်လျှင်ငွေကျပ် ၁၅၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။

ဒို့ကျေးရွာ ဂျာနယ်အတွက် စာမူနှင့် ကြော်ငြာများကို အမှတ်၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၇၁၃၄၀၊ ၃၇၁၃၄၂ တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● ရှေ့ဖုံးမှ

ဖြတ်သန်းကြည့်ရှု

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ဝမ်ဖကျေးရွာရှိ ဝမ်ဖတံတားသို့ရောက်ရှိပြီး ပြန်လည်တည်ဆောက်ထားသည့် တံတား၏ ကြံ့ခိုင်မှုအခြေအနေကို တံတားပေါ်မှ ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် မိုင်းဖြတ်-မိုင်းယောင်းလမ်း မိုင်တိုင်အမှတ် ၃၂မိုင် ၃ဖာလုံသို့ ရောက်ရှိကြရာ ပြည်နယ်အင်ဂျင်နီယာမှူးကြီး ဦးသောင်းဋ္ဌေးက လမ်းပိုင်းအခြေအနေများနှင့် စပ်လျဉ်း၍ ၂၀၀၈-၂၀၀၉ခုနှစ် လုပ်ငန်းလျာထားချက်နှင့် ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြ၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များကို မှာကြားသည်။

တွေ့ဆုံ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် မိုင်းယောင်းမြို့သို့ ရောက်ရှိပြီး မိုင်းယောင်းမြို့ ဗလမင်းထင်ခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် မိုင်းယောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဋ္ဌေးဝင်းက မြို့နယ်၏ ဆီထွက်သီးနှံ တိုးချဲ့စိုက်ပျိုးမည့်အခြေအနေ၊ နွေစပါးရိတ်သိမ်းပြီးစီးမှု၊ မိုးစပါးစိုက်ပျိုးမှု၊ ဒေသဆန်နှင့် ဆီဖူလုံမှု၊ ကော်ဖီ၊ လက်ဖက်၊ ငရုတ်ကောင်းစိုက်ပျိုးမှု၊ ရော်ဘာစိုက်ပျိုးမှုနှင့် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ကြိုးပမ်းဆောင်ရွက်

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက မိုင်းယောင်းဒေသ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက ပိုမိုကြိုးစားဆောင်ရွက်ကြရန်လိုကြောင်း၊ လေမုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးသွားသည့် သီးနှံများအတွက် စိုက်ပျိုးရေးလုပ်ငန်းများကို ယခုထက် ပိုမိုတိုးချဲ့လုပ်ကိုင်သွားရန် လိုအပ်ကြောင်း၊ နိုင်ငံတော်အစိုးရ၏စေတနာကို သိရှိနားလည်ပြီး ဒေသခံ တိုင်းရင်းသားပြည်သူများက နိုင်ငံတော် တိုးတက်ဖွံ့ဖြိုးရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ပေးအပ်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွက် ဝတ်စုံများကိုလည်းကောင်း၊ မီးသတ်တပ်ဖွဲ့အတွက် ဝတ်စုံများကိုလည်းကောင်း၊ ကျောင်းဝတ်စုံ၊ စာအုပ်နှင့်စာရေးကိရိယာများကိုလည်းကောင်း၊ ဒေသထွက်ပစ္စည်းများကိုလည်းကောင်း တာဝန်ရှိသူများထံ ပေးအပ်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် မိုင်းယောင်းမြို့ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ မိုင်းယောင်းမြို့နယ်အတွင်း စိုက်ပျိုးထားသည့် သီးနှံစိုက်ခင်းများ၊ ရော်ဘာစိုက်ခင်းများ အခြေအနေတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မိုင်းယောင်းမြို့၌ ရပ်နားသည်။ **(သတင်းစဉ်)**

အောင်ဆန်းမြို့ တပ်ဦးကျောင်းဆရာတော် ပြည်ပသို့ သာသနာပြုခရီး ကြွရောက်တော်မူ

ရန်ကုန် ဇွန် ၁၄

အင်းစိန်မြို့နယ် အောင်ဆန်းမြို့ တောရတပ်ဦးကျောင်းတိုက် မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ အဖွဲ့ခွဲ(၇၇) ပဓာနနာယက မိုးကုတ် ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေး အဖွဲ့ချုပ်ကြီး၏ နာယက၊ ပြည်တွင်းပြည်ပ သာသနာပြု မဟာကမ္မဋ္ဌာနာစရိယ အောင်ဆန်းဆရာတော် ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ အရှင်သူမြတ်သည် ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့မှ ဒါယကာ၊ ဒါယိကာမများ၏ ပင့်ဖိတ်ချက်အရ မိုးကုတ်ဝိပဿနာ ပဋ္ဌိစ္စသမုပ္ပာဒ်သင်တန်း တရားစခန်း ဟောကြား ဖွင့်လှစ်ရန် ကပ္ပိယကာရက ဦးစိုးအောင်လိုက်ပါလျက် ဇွန် ၁၃ ရက် ည ၇နာရီ၄၅မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာတော်မူရာ တပည့်ဒါယကာ၊ဒါယိကာမများက ပို့ဆောင်ဖူးမြော်ကြည်ညိုကြသည်။

(အပေါ်ယာပုံ)

ဆရာတော်သည် ဇူလိုင်၁၇ရက် နံနက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ကြွရောက်တော်မူပြီး ဇူလိုင် ၁၉ရက်မှ ၂၉ရက်အထိ (၁၁၆)ကြိမ်မြောက် ၁၀ရက် တရားစခန်းဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ဒုတိယရှေ့နေချုပ်ဦးထွန်းထွန်းဦး ခေါင်းဆောင်သောအဖွဲ့ ကိုရီးယားသမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

နေပြည်တော် ဇွန် ၁၄

ရှေ့နေချုပ်ရုံး နေပြည်တော်မှ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကိုရီးယားသမ္မတနိုင်ငံ၌ ဇွန် ၈ရက်မှ ၁၃ ရက်အထိကျင်းပသည့် ပဉ္စမအကြိမ်မြောက် အာရှ-ပစိဖိတ်ဒေသဆိုင်ရာညီလာခံနှင့် အဆင့်မြင့်အစိုးရရှေ့နေများ အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့်အတူ ရှေ့နေချုပ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်ဦးလည်း အဖွဲ့ဝင်အဖြစ် ပြန်လည်လိုက်ပါလာကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇွန် ၁၄ ရက်က အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေအား အာဆီယံအတွင်းရေးမှူးချုပ် Dr.Surin Pitsuwan လာရောက်တွေ့ဆုံစဉ်။

(လူမှုဝန်ထမ်း)

လေဘေးသင့် ဖျာပုံမြို့နယ် ကနိကျေးရွာသို့ မန္တလေးအသင်း လက်တွန်းထွန်စက်ခြောက်စီးလှူဒါန်း

ရန်ကုန် ဇွန် ၁၄

မန္တလေးအသင်း(ရန်ကုန်) ဥက္ကဋ္ဌ ဦးမြသောင်းနှင့် အမှုဆောင်အဖွဲ့သည် ဇွန် ၁၁ရက် နံနက်ပိုင်းက မော်တော်ယာဉ် နှစ်စီးဖြင့် ဖျာပုံမြို့သို့ သွားရောက်၍ ဆရာဇော်ဂျီစာကြည့်တိုက်တွင် ဖွင့်လှစ်ထားသော ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ကော်မတီရုံး၌ ဖျာပုံမြို့နယ် ကျေးရွာများနှင့် ကနိကျေးရွာအတွက် ငွေကျပ် ၃၄သိန်း ၅သောင်း တန်ဖိုးရှိမယ်လမင်း ပန်းကန်မျိုးစုံ ၆၁၀၀ကို ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ကော်မတီသို့ ပေးအပ်လှူဒါန်းခဲ့သည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဖျာပုံမြစ်ဝပင်လယ်ကမ်းစပ် ဒေသရှိ ကနိကျေးရွာသို့ ပဲ့ထောင် စက်လှေနှစ်စီးဖြင့် သွားရောက်၍ မုန်တိုင်းဒဏ်သင့် ကနိကျေးရွာ အချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် ငွေကျပ် ၃၄၂၀၀၀၀ တန်ဖိုးရှိ လက်တွန်းထွန်စက်ခြောက်စီးကို ပရဟိတကျောင်း ကြီးကြပ်ရေးအဖွဲ့သို့ ပေးအပ်လှူဒါန်းခဲ့သည်။ သွားရောက်လှူဒါန်းခဲ့သော လှူဒါန်းမှု စုစုပေါင်း တန်ဖိုးမှာ ငွေကျပ် ၆၈သိန်း ၇သောင်းရှိသည်။**(ယာပုံ)** မန္တလေးအသင်းဝင် စေတနာရှင်များအနေဖြင့် အသင်းတိုက် ဖုန်း-၀၁-၃၈၈၆၀၃ အမှတ် ၆၂၈/၆၃၂ ကုန်သည်လမ်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်နှင့် မန္တလေးမြို့ ဌာနေကိုယ်စားလှယ်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

သင့်သွေးဖြင့် အသက်ကယ်ပါ

ဇွန် ၁၄ရက်က ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်ခင်ပြုံးကြည် ဦးဆောင်သည့် ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ဝင်များ ရန်ကုန်တိုင်း ဒလမြို့နယ် ခနုတ်ကျေးရွာနှင့် ပျော်ဘွယ်ကြီးကျေးရွာများရှိ လေဘေးသင့်ပြည်သူများအား ဆေးကုသပေးစဉ်။ (ကျန်းမာရေး)

ကွန်ပျူတာလုပ်ငန်းရှင်အသင်း ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇွန် ၁၄

မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်းက ကြီးမှူးကျင်းပမည့် Crisis Management ဟောပြောပွဲကို ဒေါက်တာအောင်ထွန်းသက်က ဇွန် ၂၂ရက် (စနေနေ့) နံနက် ၉နာရီခွဲတွင် Myanmar Info - Tech (Conference Hall)၌ ဟောပြောဆွေးနွေးမည်ဖြစ်သဖြင့် မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင် အသင်းဝင်များနှင့်တကွ စိတ်ပါဝင်စားသူ မည်သူမဆိုတက်ရောက်နိုင်ကြောင်းနှင့် တက်ရောက်လိုသူများသည် မြန်မာနိုင်ငံကွန်ပျူတာ လုပ်ငန်းရှင်အသင်း ရုံးခန်း Myanmar Info-Tech လှိုင်တက္ကသိုလ်နယ်မြေ ဖုန်း-၆၅၂၂၃၈သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆက်လက်ရောက်ရှိ

ရန်ကုန် ဇွန် ၁၄

မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများပေးပို့လျက်ရှိကြရာ ထိုင်းနိုင်ငံအခြေစိုက် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(WFP) မှ လှူဒါန်းသော မိုးကာတဲများ၊ အသက်ကယ်လှေ ၁၇စင်း၊ IT ပစ္စည်းများ၊ရေဘူးခွံများ၊ဆေးဝါးမျိုးစုံ၊ မီးသီးများ၊ပလတ်စတစ်စများ၊သစ်သီးခြောက်များ၊ ဖျော်ရည်များနှင့်မြွေပွေးအဆိပ်ဖြေဆေးများ စုစုပေါင်း ၆၀ ဒသမ ၁၈တန်သည် IL-76 လေယာဉ်သုံးစင်းနှင့် AN-12 လေယာဉ်တစ်စင်းတို့ဖြင့် ယနေ့နံနက် ၈နာရီမိနစ်၄၀၊ နံနက် ၁၁နာရီ၊ မွန်းလွဲ ၁၂နာရီ မိနစ် ၅၀နှင့် မွန်းလွဲ ၂နာရီခွဲတို့တွင်လည်းကောင်း၊ အမေရိကန်ပြည်ထောင်စုမှလှူဒါန်းသော မိုးကာတဲများ၊ ရေသန့်ဘူးများ၊ ရေပုံးများ၊ နိုင်လွန်ကြိုးများ စုစုပေါင်း ၂၁ဒသမ ၆၉တန်သည် C- 130 လေယာဉ် လေးစင်းတို့ဖြင့် နံနက် ၉နာရီ၊ နံနက် ၉နာရီ၂၅မိနစ်၊ နံနက်၉နာရီမိနစ်၅၀နှင့် မွန်းလွဲ ၁၂နာရီမိနစ်၄၀တို့တွင်လည်းကောင်း၊ ဆွစ်ဇာလန်နိုင်ငံအခြေစိုက် နယ်စည်းမခြားဆရာဝန်များအဖွဲ့မှ လှူဒါန်းသော တာပေါ်လင်များ အထုပ် ၁၈၀ စုစုပေါင်း ၁၉တန်သည် AN-12 လေယာဉ်ဖြင့် နံနက်၁၀နာရီ မိနစ်၂၀တွင် လည်းကောင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာကြသည်။

(သတင်းစဉ်)

ဒစ္စကာဗာရီလွန်းပြန်ယာဉ် ကမ္ဘာမြေပြင်သို့ပြန်လည်ဆင်းသက် သိပ္ပံဆိုင်ရာဓာတ်ခွဲခန်းကြီးတစ်ခု အောင်မြင်စွာ တပ်ဆင်ပေးခဲ့

ဝါရှင်တန် ဇွန် ၁၄

အမေရိကန် ဒစ္စကာဗာရီ အာကာသလွန်းပြန်ယာဉ်သည် နိုင်ငံတကာအာကာသစခန်းမှ ထွက်ခွာလာပြီး ဇွန်၁၄ ရက်တွင် ဖလော်ရီဒါပြည်နယ် ကနေဒီအာကာသစခန်းသို့ အောင်မြင်စွာဆင်းသက်ခဲ့သည်။

သယ်ဆောင်ပေးပို့

အဆိုပါ အာကာသလွန်းပြန်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်းသို့ ၁၄ရက်ကြာ သွားရောက်ပြီး ဂျပန်ဓာတ်ခွဲခန်းတစ်ခုကို သယ်ဆောင်ပေးပို့ခဲ့ကြောင်း နာဆာတာဝန်ရှိသူများက ပြောကြားသည်။

ဒစ္စကာဗာရီ လွန်းပြန်ယာဉ်ကြီးမှ ကမ္ဘာမြေသို့ အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့ပြီဖြစ်ကြောင်း မီးစိမ်းပြလိုက်ပြီးနောက် အာကာသယာဉ်မှူးခုနစ်ဦးမှာလည်း ရွှင်မြူးစွာအောင်ပွဲခံလျက် အာကာသယာဉ်အတွင်းမှ ထွက်လာကြသည်။

အကြီးဆုံးအခန်း

နိုင်ငံတကာ အာကာသစခန်းသို့ ရောက်ရှိစဉ်အတွင်း အာကာသယာဉ်မှူးများသည် အမေရိကန်ဒေါ်လာ တစ်ဘီလီယံ တန်ဖိုးရှိ သိပ္ပံဆိုင်ရာ ဓာတ်ခွဲခန်းကြီးကို တပ်ဆင် တည်ဆောက်ပေးခဲ့ကြသည်။ ယင်းဓာတ်ခွဲခန်းသည် နိုင်ငံတကာ အာကာသစခန်း၌အကြီးဆုံး အခန်းတစ်ခန်း ဖြစ်သည်။ ယင်းအခန်း၌ သိပ္ပံဆိုင်ရာ စမ်းသပ်မှုလုပ်ငန်းများကို လုပ်ကိုင်နိုင်မည်ဟု ဆိုသည်။

မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း

ကနေဒီ အာကာသစခန်းသို့ အောင်မြင်စွာဆင်းသက်လာသော ဒစ္စကာဗာရီလွန်းပြန်ယာဉ်ကြီးကို တွေ့ရစဉ်။(အင်တာနက်ဓာတ်ပုံ)

15-6 (09).pmd 1 6/15/2008, 2:40 AM

မုန်တိုင်းသင့် ပြည်သူများအတွက် စစ်ကိုင်းတိုင်းမှ ကယ်ဆယ်ရေးပစ္စည်းများလွှဲပြောင်းပေးပို့

ရန်ကုန် ဇွန် ၁၄

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှကြီးမှူး၍ မုန်တိုင်းသင့်ပြည်သူများအတွက် ကယ်ဆယ်ရေး ပစ္စည်းများ တတိယအကြိမ် လွှဲပြောင်းပေးပို့ခြင်းအခမ်းအနားကို ဇွန်၆ရက် နံနက် ၇နာရီခွဲက မုံရွာမြို့ ဘူတာ၌ ကျင်းပသည်။

အခမ်းအနားသို့ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုး နှင့် ဇနီး ဒေါ်ခင်မြဦး၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်အုန်းနှင့် ဇနီး ဒေါ်အေးအေး၊ တိုင်းအတွင်းရေးမှူး ဦးဝင်းကြည်နှင့် အဖွဲ့ဝင်များ၊ တပ်မတော် အရာရှိကြီးများနှင့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ တိုင်း၊ခရိုင်၊မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ရထားတွဲပေါ်တင်ပို့

ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ် မြင့်စိုးနှင့် ဇနီး ဒေါ်ခင်မြဦးတို့က ဦးဆောင်၍ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်း များက ကယ်ဆယ်ရေးပစ္စည်းများကို ရထားတွဲပေါ်သို့ တင်ပို့ပေးကြသည်။

လေဘေးသင့်ပြည်သူများအတွက် စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အနောက်မြောက်တိုင်း စစ်ဌာနချုပ်၊ဌာနဆိုင်ရာများ၊ ကုမ္ပဏီ များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် အလှူရှင်များကသင်္ကန်း၊ ဆေး၊ အသုံး အဆောင်ပစ္စည်းများ၊ အဝတ်အထည် များ၊ လက်တွန်းထွန်စက်သုံးစီး၊ ဓားမ များ၊ ဆန်အိတ်များ၊ ကြက်သွန်နီ အိတ်များ၊ စားသောက်ကုန်များကို လှူဒါန်းကြရာ လှူဒါန်းပစ္စည်းများ၏ စုစု ပေါင်းတန်ဖိုးမှာငွေကျပ်၁၀၂၁၄၅၇၇၀ ဖြစ်သည်။

ပို့ဆောင်မည်

ကယ်ဆယ်ရေး ပစ္စည်းများကို မုံရွာဘူတာကြီးမှ ရထားဖြင့် လေဘေး သင့်ဒေသများသို့သွားရောက်ပို့ဆောင် မည်ဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ပေးအပ်လှူဒါန်း

ကျုံမငေးမြို့ စက်ရုံမမ္မရိပ်သာ၏ ပဉ္စမအကြိမ်မြောက် နှစ်သစ်ဦး ငွေပဒေသာပင်လှူဒါန်းပွဲကို မြန်မာနှစ်ဆန်းတစ်ရက်နေ့က ကျင်းပရာ ရန်ကုန်မြို့နှင့် အနယ်နယ်အရပ်ရပ်မှလှူဒါန်းသော ငွေကျပ်သိန်း၁၈၀ကျော် အား အလှူရှင်များ၏ကိုယ်စား အလှူရှင် ဦးဌေးလွင်က ပေးအပ်လှူဒါန်းရာ ယောဂီစောင့်ရှောက်ရေးအဖွဲ့က လက်ခံယူစဉ်။ (က-ပ)

လပွတ္တာမြို့နယ် ဘုန်းတော်ကြီးကျောင်းများ ပြုပြင်ပြီးစီးမှု ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင် လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၁၄

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က ဧရာဝတီတိုင်း လပွတ္တာမြို့နယ်အတွင်းရှိ လေဘေးသင့် ဘုန်းတော်ကြီးကျောင်းများဖြစ်သော လေးထပ်ကျောင်းနှင့် ကျိုက်ထီးရိုးကျောင်းများသို့ သွားရောက်၍ ဆရာတော်များအား ဖူးမြော်ကြည်ညိုပြီး သင်္ကန်းနှင့် လှူဖွယ်ခြင်းကိုးခြင်း၊ ထောက်ပံ့ရေးပစ္စည်းများကို ပေးအပ်လှူဒါန်းပြီး အဆိုပါကျောင်းတိုက်များအတွင်း မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားသော သာသနိကအဆောက်အအုံများ ပျက်စီးမှု နှင့် ပြုပြင်တည်ဆောက်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် လပွတ္တာမြို့နယ်အတွင်းရှိ လေဘေးသင့် အခြားဘာသာရေးအဆောက်အအုံများ ဖြစ်သော မြို့မဂျာမေဗလီနှင့် ကရင်နှစ်ချင်းခရစ်ယာန်အသင်းတော်တို့သို့ သွားရောက်၍ သွပ်နှင့်ထောက်ပံ့ရေးပစ္စည်းများပေးအပ် လှူဒါန်းကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မုန်တိုင်းသင့် ပြည်သူများအတွက် အလှူငွေများဆက်လက်လှူဒါန်း

ရန်ကုန် ဇွန် ၁၄

မုန်တိုင်းသင့်ပြည်သူများအတွက် ပြည်တွင်း ပြည်ပမှ စေတနာရှင်၊ အလှူရှင် များက အလှူငွေများကို ဆက်လက်လှူဒါန်းလျက်ရှိရာ ရန်ကုန်တိုင်း ရန်ကင်း မြို့နယ်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော် ဗဟိုဘဏ် (ရန်ကုန် ရုံးခွဲ)ရှိ အလှူငွေလက်ခံရာဌာနသို့ ယမန်နေ့က လာရောက် လှူဒါန်းကြသော အလှူငွေများကို ဘဏ္ဍာငွေလက်ခံရေးနှင့်ထုတ်ပေးရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေက လက်ခံသည်။

အလှူရှင်များမှာ ကိုချင်းရွှေနှင့် မရီရီချိုမိသားစု မန္တလေးက ငွေကျပ်၁၀ သိန်း၊ တနင်္သာရီတိုင်း မြန်မာ့စီးပွားရေးဘဏ်ဝန်ထမ်းများက ငွေကျပ်တစ်သိန်း၊ သထုံမြို့နယ် ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့က ငွေကျပ် သုံးသိန်း၊ Mr.Sc Woong Oh, A & C Value Co.,Ltd, Thailandက အမေရိကန်ဒေါ်လာ ၅၀၀၊ Embassy of the Union of Myanmar, Tokyoမှတစ်ဆင့် ယူရို ၉၀၉၀၁၊မြန်မာနိုင်ငံဆိုင်ရာထိုင်းနိုင်ငံ သံအမတ်ကြီး H.E.Mr. Bansarn Bunnagသည် Thai Myanmar Association for Friendship ကိုယ်စား အမေရိကန်ဒေါ်လာ ၈၇၀၀ **(အပေါ်ပုံ)** Mr. Takagi Nobuo & Staffs of Oska Shi Koo Tsu Kyo Ku, Japan က အမေရိကန် ဒေါ်လာ ၃၁၁တို့ ဖြစ်သည်။

ယမန်နေ့က လက်ခံရရှိသည့် အလှူငွေစုစုပေါင်းမှာ ငွေကျပ်၁၄သိန်း အမေရိကန်ဒေါ်လာ ၉၅၁၁နှင့် ယူရိုငွေ ၉၀၉၀၁တို့ဖြစ်ကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းအတွင်း လုယက်မှုကျူးလွန်ပြီး တိမ်းရှောင်နေသူများအား ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူးရုံးမှ ဖော်ထုတ်ဖမ်းဆီးရမိ

ရန်ကုန် ဇွန် ၁၄

ရန်ကုန်တိုင်းရဲတပ်ဖွဲ့ နယ်မြေအတွင်း လုယက်မှုလေးမှု ကျူးလွန်ခဲ့ပြီး ထွက်ပြေးတိမ်းရှောင်နေသူများအား ရန်ကုန် တိုင်း ရဲတပ်ဖွဲ့မှူးရုံး ဒုစရိုက်နှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များက သက်သေခံပစ္စည်းနှင့် အခင်းဖြစ်ရာတွင် အသုံးပြုခဲ့ သည့် ဓားမြှောင်၊ စကေဘာတို့နှင့်အတူ ဇွန်လ ပထမပတ်အတွင်းက ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ လုယက်မှုများ ကျူးလွန် သူများသည် အငှားယာဉ်များကို ငှား ရမ်း၍ သွားလာလှုပ်ရှားပြီး လုယက်မှု များ ကျူးလွန်လေ့ရှိကြောင်း သတင်း ရရှိသဖြင့် ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူးရုံး ဒုစရိုက်နှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင် များသည် အဖွဲ့များခွဲကာ ကြိုတင်စီမံမှု များ ပြုလုပ်ပြီး စုံစမ်းခဲ့ရာ မြောက် ဥက္ကလာပမြို့နယ်(င)ရပ်ကွက်အမယာ လမ်းအတွင်း၌ လုယက်မှု ကျူးလွန်ရန် ကြံစည်နေသူထွန်းထွန်းနိုင် ၂၁နှစ်(ဘ) ဦးသန်းဝင်း ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၊ ဇော်မင်းထိုက်(ခ)ကိုမျိုး (၂၇နှစ်) (ဘ)ဦးမောင်ဖုန်း ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၊ သန့်ဇော်(ခ)အူဝါး (ခ)ဝဲကြီး (၂၃နှစ်)(ဘ) ဦးတင်ညွန့် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်နေ သူတို့သုံးဦးအား ဓားမြှောင်သုံးချောင်း၊ စကေဘာ တစ်ချောင်းတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသည့် တရားခံသုံးဦး အား စစ်ဆေးချက်အရ လုယက်မှု များ ကျူးလွန်ရာတွင် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်နေ ဇင်မောင်ထွေး (ခ)အငယ်ကောင်(၂၀နှစ်)(ဘ)ဦးကျော် ရွှေလည်း ပါဝင်သည်ဟု ထွက်ဆို သဖြင့် လိုက်လံဖမ်းဆီးရာ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် (၆၉)ရပ်ကွက် အနော်ရထာလမ်းမပေါ်ရှိ ပျံကျအရက် ဆိုင်တွင် ဖမ်းဆီးရမိခဲ့သည်။

မောင်းနှင်ထွက်ပြေး

ဖမ်းဆီးရမိသည့် တရားခံများ၏ ထွက်ဆိုချက်အရ ၎င်းတို့သည် ဒဂုံမြို့ သစ်(တောင်ပိုင်း)မြို့နယ်(၁၈)ရပ်ကွက် ရှိ သန်းကြွယ် လက်ဖက်ရည်ဆိုင်တွင် စုစည်းပြီး အငှားယာဉ်တစ်စီး ငှားရမ်း ကာ ရန်ကုန်မြို့အတွင်း လှည့်လည် သွားလာ၍ လူပြတ်သည့် နေရာတွင် ရွှေဆွဲကြိုးဝတ်ဆင်ထားသည့် အမျိုး သမီးများတွေ့ရှိပါက ကားကိုခပ်လှမ်း လှမ်းတွင်ကျော်ရပ်ခိုင်းကာ ကားပေါ်မှ ဆင်း၍ မျက်နှာချင်းဆိုင်လမ်းလျှောက် ပြီး ရွှေဆွဲကြိုးအား လက်ဖြင့် ဆွဲဖြတ် ယူကာ ရပ်ထားသောကားဆီသို့ပြေး ၍ ကားကို မောင်းနှင်ထွက်ပြေးခဲ့ ကြောင်း၊ ဓားမြှောင်၊စကေဘာများ ဆောင်ထားရခြင်းမှာ လုယက်မှုကျူးလွန် စဉ် ဝိုင်းဝန်းဖမ်းဆီးရန် လာရောက် သူများအား ခြိမ်းခြောက်ရန်၊ ခုခံရန် အတွက်ဖြစ်ကြောင်း သိရှိရသည်။

ပြန်လည်သိမ်းဆည်းနိုင်

ဖော်ထုတ်ချက်များအရ ၂၀၀၇ ခုနှစ် ဩဂုတ် ၂၅ရက်တွင် မကြည် ကြည်ထံမှ ရှမ်းလမ်းဘူတာ၌ ရထား အောက်မှ ဆွဲဖြတ်လုယူခဲ့သည့် အလေးချိန် ကိုးပဲ၊ ခြောက်ရွေးရှိ ရွှေ ဆွဲကြိုးတစ်ကုံး (မူလပုံစံမပျက်)အား လည်းကောင်း၊မေ၁ရက်တွင်ဗိုလ်ချုပ် ကြေးရုပ် ကန်တော်ကြီးပန်းခြံရှေ့၌ မခင်ယုလွင်ဆွဲထားသည့်လည်ပင်းမှ ဖြတ်ယူလာသည့်အလေးချိန်တစ်ကျပ်ခွဲ သားခန့်ရှိ ရွှေဆွဲကြိုးတစ်ကုံး (မူလ ပုံစံမပျက်)အား လည်းကောင်း၊ မေ ၂၉ရက်တွင် သူနာပြုတက္ကသိုလ် တိုးချဲ့ဂိတ်ပေါက်အနီး ဒေါ်နွဲ့နွဲ့အေး ထံမှ ဖြတ်ယူလာသည့် ရွှေဆွဲကြိုး တစ်ကုံး၊ အလေးချိန် ရှစ်ပဲငါးရွေး အရည်ကျိုရွှေစသုံးစအား လည်းကောင်း၊ မေ ၃၁ရက်တွင် လှိုင်သာယာမြို့နယ် မီးခွက်ဈေး အောက်ထိပ်ရှိ မနုထံမှ ဆွဲဖြတ်ယူလာသည့် အလေးချိန်တစ် ကျပ်ခွဲသားခန့်ရှိ ရွှေဆွဲကြိုးတစ်ကုံး၊ အရည်ကျိုရွှေစနှစ်စအား လည်း ကောင်း ပြန်လည်သိမ်းဆည်းနိုင်ခဲ့ သည်။

အမှုဖွင့်အရေးယူ

လုယက်မှုပြစ်မှုကျူးလွန်သူများ ဖြစ်သည့် ထွန်းထွန်းနိုင်၊ ဇော်မင်း ထိုက်(ခ)ကိုမျိုး၊သန့်ဇော်(ခ)အူဝါး(ခ) ဝဲကြီး၊ဇင်မောင်ထွေး(ခ)အငယ်ကောင် တို့လေးဦးအားဗဟန်းရဲစခန်း၊မီးရထား ရဲစခန်း၊ လမ်းမတော်ရဲစခန်း၊ လှိုင် သာယာရဲစခန်းနှင့်မြောက်ဥက္ကလာပ ရဲစခန်းတို့မှအမှုဖွင့်အရေးယူစစ်ဆေး လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မူးယစ် — ကင်းစင် — အလှဆင်

ဝဲမှယာ ဇော်မင်းထိုက်(ခ) ငမျိုး၊ သန့်ဇော် (ခ)အူဝါး(ခ) ဝဲကြီး၊ထွန်းထွန်း နိုင်နှင့်ဇင်မောင် ထွေး(ခ)အငယ် ကောင်တို့အား တွေ့ရစဉ်။ (သတင်းစဉ်)

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

နယ်သာလန်အသင်း ပြိုင်ဘက်ကို ဂိုးပြတ်သွင်းပြီး ကွာတားသို့တက်ရောက် နာမည်ကြီးပြင်သစ် ရှေ့ခရီးကွယ်လုမေ့မှိန်သွားခဲ့ရ

ဘန်း(ဆွစ်ဇာလန်) ဇွန် ၁၄

ယူရို ၂၀၀၈ ဘောလုံးပွဲစဉ်များကို ဆွစ်ဇာလန်နိုင်ငံ ဘန်းမြို့၌ ဇွန် ၁၃ရက်က ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ အုပ်စု(ဂ)မှ ဒုတိယပွဲစဉ်ဖြစ်သည့် နယ်သာလန်နှင့် ပြင်သစ်တို့ပွဲတွင် နယ်သာလန်က ပြင်သစ်ကို လေးဂိုး-တစ်ဂိုးဖြင့် ပြတ်ပြတ်သားသားအနိုင်ရရှိပြီး အုပ်စုကိုဦးဆောင်ခွင့်ရသွားကာ ကွာတားဖိုင်နယ် ပွဲစဉ်သို့ တက်ရောက်သွားပြီဖြစ်သည်။

ပွဲထုတ်

နယ်သာလန်အသင်းတွင် (ဂိုး) ဗန်ဒါဆာနှင့် ဘိုလာရုဇ်၊ အိုအိုင်ဂျာ၊ မာသစ်ဂျ်ဆင်၊ ဗန်ဘရွန်ခေါ့စ်၊ ဒီဂျွန်၊ အင်ဂျယ်လာ၊ ကွတ်၊ ဗန်ဒါဗတ်၊ ဆနိုက်ဒါ၊ နစ္စတယ်ရွိုင်းတို့ ပွဲထုတ်ကစားခဲ့သည်။

လူစုံတက်စုံ

ပြင်သစ်အသင်းသည် ယခုပွဲတွင် ၎င်းတို့အတွက် သေရေးရှင်ရေးတမျှအရေးကြီးသည်ဖြစ်ရာ (ဂိုး)ကူးပက်နှင့် ဆက်ဂနို၊ သူရမ်၊ ဂါးလက်စ်၊ အီဗရာ၊ဂိုဗူး၊ တိုလာလန်၊ မက်ခီလီလီ၊ မာလူဒါ၊ ရစ်ဘာရီ၊ အွန်နရီစသည့် ဝါရင့် သမ္ဘာရင့် ကစားသမားများဖြင့် လူစုံတက်စုံ ပွဲထွက်လာခဲ့သည်။

ဦးဆောင်ဂိုးရရှိ

ပထမပိုင်းပွဲစသည်နှင့် နိုင်ပွဲလိုအပ်နေသော ပြင်သစ်အသင်းသည် နယ်သာလန်အသင်းဘက်သို့ အင်တိုက်အားတိုက် အစွမ်းကုန် ထိုးဖောက်ကစားခဲ့သည့်အတွက် နယ်သာလန်တို့အကွက်စေ့စေ့ဖြင့် ခုခံဖျက်ထုတ်နေရသည်။ နှစ်သင်းစလုံး အမှားမခံနိုင်သဖြင့် အပြန်အလှန် ထိုးဖောက်တိုက်စစ်ဆင်ရင်း အကြိတ်အနယ် ကစားကြရာ အုပ်စုတွင်း ရသမြောက်သောပွဲတစ်ပွဲ ဖြစ်ခဲ့သည်။ ပထမပိုင်းပွဲချိန် ၁၀မိနစ်တွင် ဗန်ဘရွန်ခေါ့စ် ဘယ်ကြောမှ ဂိုးရှေ့သို့ ခုတ်တင်ပေးလိုက်သော ဘောလုံးကို ကွတ်က ခေါင်းတိုက်လိုက်သဖြင့် ဂိုးသမား၏ ဘယ်ဘက်ထောင့်တွင်းသို့ ဂိုးဝင်သွား၍ နယ်သာလန်တို့ ဦးဆောင်ဂိုးရရှိခဲ့သည်။

မဖန်တီးနိုင်ခဲ့

ပြင်သစ်တို့ ချေပဂိုးရရှိရေး အတွက် ကစားကွက်အသာဖြင့် နယ်သာလန်အသင်းဘက်သို့ တိုက်စစ်ဆင် ကစားခဲ့ရာ ပွဲချိန် ၃၃မိနစ်တွင် တိုက်စစ်မှူး ဂိုဗူးက နယ်သာလန်နောက်တန်းကို ဖြတ်ကျော်ဂိုးသွင်းခဲ့သော်လည်း ဂိုးသမား၏ ညာဘက်ဘေးမှ ဂိုးလွန်ဘောဖြစ်သွားခဲ့သည်။ ၅၃မိနစ်တွင် နယ်သာလန်ဂိုးရှေ့၌ မာလူဒါ နောက်ပြန်ပတ်ကန်ပြီး အွန်နရီအား ကျော်ချပေးသော ဘောလုံးကို ဂိုးအဖြစ် မဖန်တီးနိုင်ခဲ့ချေ။

နယ်သာလန်အသင်းအတွက် ဒုတိယဂိုးကို ဗန်ပါစီက သွင်းယူခဲ့စဉ်။
(အင်တာနက်ဓာတ်ပုံ)

ပွဲချိန်၄၄မိနစ်တွင် နယ်သာလန်အသင်းမှ အင်ဂျယ်လာအစား အာဂျန်ရော့ဘင်၊ ၅၅မိနစ်တွင် ကွတ်အစား ဗန်ပါစီတို့ လူစားလဲပြီးနောက် နယ်သာလန်၏ တိုက်စစ်မှာ သိသိသာသာအရှိန်မြင့်လာခဲ့သည်။ ပွဲချိန် ၅၉မိနစ်တွင် ရော့ဘင်သည် တစ်ဖက်အသင်းနောက်တန်းကို ကျော်ဖြတ်ကာ ဘယ်ကြောမှ ဂိုးရှေ့ ခုတ်တင်လိုက်သော ဘောလုံးကို ဗန်ပါစီကဘယ်ခြေဖြင့် ပြေးဝင်ပိတ်သွင်းလိုက်ရာ ဂိုးသမား၏ ညာဘက်မှ ဂိုးဝင်သွားခဲ့သဖြင့် နယ်သာလန်တို့ ဒုတိယဂိုးရရှိသွားသည်။

ချေပဂိုးရရှိ

ပြင်သစ်တို့ ချေပဂိုး ရရှိရေး အပြင်းအထန်ကြိုးစားခဲ့ရာ ပွဲချိန်၇၁မိနစ်တွင် ဆစ်ဂနော ညာကြောမှ ဂိုးနှင့်မျဉ်းပြိုင်ဘောလုံးကို လိုမ့်ချပေးရာ အွန်နရီက နယ်သာလန်နောက်တန်း ခံစစ်မှူးနှင့် အပြိုင်လိုက်ရင်း ကျွံလာသောဘောလုံးကို ကန်သွင်းရာမှ ပြင်သစ်တို့ ချေပဂိုးရရှိခဲ့သည်။ ချေပဂိုး သွင်းနိုင်မှုကြောင့်ရသော ပျော်ရွှင်ကြည်နူးမှုကို ပြင်သစ်တို့ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်မျှသာ ခံစားလိုက်ရပြီး ၇၂မိနစ်တွင် ရော့ဘင်က အလယ်ကြောတွင် ပြင်သစ်နောက်ခံလူများ ဖျက်ထုတ်နေသည့်ကြားမှ ဂိုးစည်းအတွင်း လျှပ်တစ်ပြက် ကန့်လန့်ဖြတ် ကန်သွင်းမှုကြောင့် ဂိုးသမား၏ ဘယ်ဘက်မှ ဂိုးဝင်သွားကာ တတိယဂိုး ရရှိသည်။

အိပ်မက်ပျက်ပြယ်

ပြင်သစ်တို့ ဂိုးထပ်မံရရှိရေး ကြိုးစားသော်လည်း အရာမထင်ဘဲ မိနစ်၉၀တွင် စနိုက်ဒါက နယ်သာလန်အတွက် စတုတ္ထနှင့် ပွဲသိမ်းဂိုးကို သွင်းယူခဲ့သည့်အတွက် ပြင်သစ်တို့ နယ်သာလန်ကို လေးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ကာ ကွာတားတက်ရေးအိပ်မက် ကွယ်လုမေ့မှိန် ပျက်ပြယ်သွားခဲ့ရတော့သည်။ (အင်တာနက်)

- နယ်သာလန်အသင်း ယူရို၂၀၀၈တွင် ကွာတားတက်နိုင်ပြီ
- အရှုံးကို သင်ခန်းစာယူ ပြုပြင်မည်ဟု ပြင်သစ်နည်းပြပြောကြား
- တောရက်စ်နှင့် ကာကာအား ချယ်လ်ဆီးအသင်း ပစ်မှတ်ထားနေ
- စပိန်အသင်း၏ ကစားပုံ ယူရို၂၀၀၈တွင် အကောင်းဆုံးဖြစ်

အီတလီ၊ ရိုမေးနီးယား၊ နယ်သာလန်နှင့် ပြင်သစ်နည်းပြများ၏ရင်ဖွင့်သံ

ဇူးရစ် ဇွန် ၁၄

ယူရို ၂၀၀၈ အုပ်စု(ဂ)ပွဲစဉ်များကို ဇွန် ၁၃ ရက်က ယှဉ်ပြိုင်ကစားခဲ့ကြရာ ပြိုင်ပွဲများအပြီး နိုင်သူပြုံးပြီး ရှုံးသူမှိုင်ရသော နည်းပြများ၏ ရင်တွင်းပြောစကားများကို ဖော်ပြလိုက်ရပါသည်-

အီတလီနည်းပြဒိုနာဒိုနီ

အရေးကြီးသည့်ပွဲတွင် ရိုမေးနီးယားကိုသရေကျခဲ့သော အီတလီအသင်းနည်းပြ ဒိုနာဒိုနီက **"ကျွန်တော့်အနေနဲ့ ဒိုင်လူကြီးတွေအကြောင်း ဝေဖန်စကား ပြောကြားလေ့မရှိပါဘူး။ ဒါပေမယ့် ဒီနေ့ပွဲမှာ ဒိုင်လုပ်တဲ့ဒိုင်လူကြီးဟာ အရည်အချင်း မပြည့်ဘူးလို့ ဆိုချင်တယ်။ ကျွန်တော့်အသင်း ကစားသမားတွေဟာ ဆုံးဖြတ်ချက်ချ ကစားခဲ့ကြသလို တာဝန်လည်း ကျေခဲ့ကြပါတယ်။ ကံတရားအရ သရေကျတာကိုတော့ ကျွန်တော်တို့ လက်ခံရပါမယ်။ ကံကောင်းလို့လည်းသရေရတာလို့"**ဟု ပြောကြားပါသည်။

ရိုမေးနီးယားနည်းပြ

"ဒီနေ့ပွဲဟာ ကျွန်တော်တို့နိုင်ရမယ့်ပွဲပါ။ ဒါပေမယ့်တိုက်စစ်မှူး မူတူးဟာ ဦးဆောင်ဂိုးရအောင် သွင်းယူနိုင်ခဲ့ပေမယ့် အနိုင်ရစေမယ့် ပယ်နယ်တီဂိုး မဝင်ခဲ့တာလည်း ကျွန်တော်တို့ရဲ့ကံပါပဲ။ အုပ်စုက တက်နိုင်မယ့် မျှော်လင့်ချက်လက်ကျန်ကိုပဲ မိမိရရဆုပ်ကိုင်ကြိုးစားသွားမယ်"ဟူ၍ ရိုမေးနီးယားနည်းပြ မီတူကာက ဖွင့်ဟခဲ့သည်။

ဗန်ဘက်စတန်

နယ်သာလန်နည်းပြ ဗန်ဘက်စတန်ကလည်း **"ကျွန်တော့်ကစားသမားတွေဟာ အုပ်စုပွဲနှစ်ပွဲစလုံးမှာ အကောင်းဆုံးခြေစွမ်းပြပြီး တာဝန်ကျေခဲ့ကြပါတယ်။ ကျွန်တော်တို့အနေနဲ့ ရှေ့လျှောက်တွေ့မယ့် အသင်းတွေကို ရင်ဆိုင်ဖို့တာစူပြီး အသင့်ပြင်နေပါတယ်"**ဟု ပြောကြားသွားသည်။

ဒိုမီနက်

ပြင်သစ်နည်းပြ ဒိုမီနက်ကလည်း **"ကျွန်တော့်ကစားသမားတွေဟာ လက်ရွေးစင်အကျီနဲ့ ထိုက်တန်အောင် ကစားခဲ့ကြပါတယ်။ ဒီအရှုံးကနေ သင်ခန်းစာယူပြီး အသင်းကို ပြုပြင်သွားမှာပါ။ ဘောလုံးလောကမှာ ဘယ်အသင်းမှ ထာဝရနိုင်တဲ့အသင်းမရှိသလို ဘယ်အသင်းမှလည်း ထာဝရမရှုံးပါဘူး။ ဒါကိုကျွန်တော်နားလည်ပါတယ်။ အနိုင်ရဖို့အတွက် ထည့်တွက်ထားသလို အရှုံးကိုလည်း ရဲရဲဝံ့ဝံ့ရင်ဆိုင်သွားမှာပါ"**ဟု ပြောကြားသွားပါကြောင်း။

ကမ္ဘာ့နံပါတ်တစ် ရာဖေးလ်နာဒယ် အာတွိုက်စ်ချန်ပီယံပြိုင်ပွဲ အကြိုဗိုလ်လုပွဲတက်

လန်ဒန် ဇွန် ၁၄

ကမ္ဘာ့နံပါတ်တစ် တင်းနစ်ကစားသမား ရာဖေးလ်နာဒယ်**(အောက်ဝဲပုံ)**သည် အင်္ဂလန်နိုင်ငံ၌ကျင်းပသည့် အာတွိုက်စ်ချန်ပီယံရှစ် တင်းနစ်ပြိုင်ပွဲတွင် အိုင်ဗိုကာလိုဗစ်အား အနိုင်ရပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

ရာဖေးလ်နာဒယ်သည် အကြိုဗိုလ်လုပွဲတွင် လက်ရှိချန်ပီယံ အင်ဒီရော့ဒစ်နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ကမ္ဘာ့နံပါတ်သုံး ဒီဂျိုကိုဗစ်သည် လင်တန်

ဟီးဝစ်ကိုနိုင်ပြီး အကြိုဗိုလ်လုပွဲတက်လာသည်။ ၎င်းသည် အကြိုဗိုလ်လုပွဲတွင် ဒေးဗစ်နယ်ဘန်ဒီယန်နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

(အင်တာနက်)

စပိန်အသင်း၏ကစားပုံ ကာပယ်လိုချီးကျူး

ဗီယင်နာ ဇွန် ၁၄

ယူရို ၂၀၀၈ပြိုင်ပွဲများတွင် စပိန်အသင်း၏ကစားပုံ နည်းပညာကျွမ်းကျင်မှုအရှိဆုံး အသင်းဖြစ်ကြောင်း အင်္ဂလန်နည်းပြ ကာပယ်လို**(ယာပုံ)**က ပြောကြားသည်။

စပိန်အသင်း၏ ကွင်းလယ်ကစားကွက်မှာ ရုရှားနှင့်ပြိုင်ပွဲတွင် အကောင်းဆုံးဖြစ်ကြောင်း၊ ကစားသမားတိုင်းသည် အရည်အချင်းပြည့်ဝကြောင်း ၎င်းက ပြောကြားသည်။

ပြောကြား

စပိန်ကစားသမားများသည် ယင်းပွဲတွင် ဘောလုံးပိုင်ဆိုင်မှုပိုများကြောင်း၊ ကစားပုံကစားကွက်များ တစ်မူထူးခြားစွာ ကစားနိုင်သည်ကို တွေ့ရကြောင်း၊ အဝေးကန်ဘော နည်းပါးကြောင်း ကာပယ်လိုက ပြောကြားသည်။

အကောင်းဆုံးဖြစ်

စပိန်အသင်းသည် ယူရို ၂၀၀၈ အဖွင့်ပွဲစဉ်တွင် ရုရှားအသင်းကို လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ယင်းပွဲတွင် တောရက်စ်သည် အကောင်းဆုံးဖြစ်ကြောင်းလည်း ကာပယ်လိုက ချီးကျူးပြောကြားသည်။ **(အင်တာနက်)**

တိုက်စစ်မှူး တောရက်စ်အား အသင်းမပြောင်းရွှေ့ရန် လီဗာပူးသတိပေး

လန်ဒန် ဇွန် ၁၄

ချယ်လ်ဆီး အသင်းသို့ နည်းပြ စကိုလာရီ ရောက်ရှိလာသဖြင့် အန်ဖီးလ်မှထွက်ခွာဖွယ်ရှိသော တောရက်စ်(အပေါ်ပုံ)အား လီဗာပူးကသတိပေးလိုက်သည်။

အသက် ၂၄ နှစ်ရှိ အဆိုပါ စပိန်တိုက်စစ်မှူးနှင့် အေစီမီလန်မှ ဘရာဇီးကြယ်ပွင့် ကာကာတို့အား စကိုလာရီက ခေါ်ယူရန်ပစ်မှတ်ထားသူနှစ်ဦး ဖြစ်လာကြောင်း မီဒီယာများက ထင်ကြေးပေးလျက်ရှိသည်။

သို့သော်လည်း ဖာနန်ဒိုတောရက်စ်(ဝဲပုံ)အား ရောင်းကုန် မဟုတ်ကြောင်း လီဗာပူး အမှုဆောင်အရာရှိချုပ် ရစ်ပါရီက ပြောကြားသည်။

သွင်းယူ

တောရက်စ်သည် ပြီးခဲ့သည့် ရာသီက ပရီမီယာလိဂ်သို့ စပိန်လာလီဂါမှ အက်သလက်တီကိုကလပ်သို့ ရောက်ရှိလာကာ လီဗာပူးအသင်းအတွက် ၃၃ဂိုး သွင်းယူပေးခဲ့သည်။ ၎င်းသည် ယူရို ၂၀၀၈ ပြိုင်ပွဲတွင်လည်း စပိန်အသင်း၌ ပါဝင်ကစားလျက်ရှိရာ ရုရှားနှင့်ပွဲ၌ ခြေစွမ်းပြ ကစားခဲ့သူဖြစ်သည်။

(အင်တာနက်)

ကာဒစ်အသင်းမှ ရမ်ဆေးအား အာဆင်နယ်အသင်းကစာချုပ်

ရမ်ဆေးအား အာဆင်နယ်နှင့် စာချုပ်အပြီးတွင် တွေ့ရစဉ်။

လန်ဒန် ဇွန် ၁၄

ကာဒစ်စီးတီး ဆယ်ကျော်သက်ကစားသမား ရမ်ဆေးအား အာဆင်နယ်အသင်းက ပေါင်ငါးသန်းဖြင့် ခေါ်ယူစာချုပ်လိုက်ပြီဖြစ်သည်။

နှစ်ရှည်စာချုပ်

ချန်ပီယံလိဂ်ဖလားနှင့် ပရီမီယာလိဂ် ဆွတ်ခူးနိုင်ခဲ့သည့် မန်ယူနှင့်အဲဗာတန်တို့ကလည်း အသက် ၁၇ နှစ်ရှိ ရမ်ဆေးအား ခေါ်ယူရန်ကြိုးစားခဲ့သေးသည်။ သို့သော် ရမ်ဆေးနှင့် အာဆင်နယ်နည်းပြ ဝင်းဂါးတို့ ဆွစ်ဇာလန်၌ ယူရို ၂၀၀၈ ပြိုင်ပွဲတွင် တွေ့ဆုံခဲ့ပြီးနောက် ရမ်ဆေးအနေဖြင့် အာဆင်နယ်အသင်းနှင့်သာ နှစ်ရှည်စာချုပ်ချုပ်ဆိုရန် စိတ်အားထက်သန်သည်။

ပြောကြား

အာဆင်နယ်သို့ ပြောင်းရွှေ့လာခြင်းမှာ မိမိ၏ဆုံးဖြတ်ချက်ပင်ဖြစ်ကြောင်း၊ အာဆင်နယ်အသင်းနှင့်အတူ ကစားရမည်ကို ကျေနပ်ပျော်ရွှင်မိကြောင်း ၎င်းကပြောကြားသည်။

လူငယ်ဘောလုံးသမား

ရမ်ဘိုဟုလူသိများသောရမ်ဆေးသည် ကာဒစ်စီးတီး လူငယ်များအကြား တိုးတက်အောင်မြင်သည့် လူငယ်ဘောလုံးသမားဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်

ဝေလသားရမ်ဆေးသည် ၂၀၀၇ ခုနှစ် ဩဂုတ်လက အသက် ၂၁နှစ်အောက် ဘောလုံးပြိုင်ပွဲတွင် ယင်းနိုင်ငံ ကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ခဲ့ရာ အသက်ငယ်ဆုံး ဘောလုံးသမားဖြစ်ခဲ့သည်။

(အင်တာနက်)

မြင့်မောင်စိုးနှင့် ချစ်စိုးနိုင် စုစည်းသည်

ဒေးဒရဲမြို့နယ် ပြန်လည်တည်ဆောက်ရေးမှတ်တမ်းမြင်ကွင်း

သတင်းမြင်ကွင်း -မောင်မောင်ထွေး(သတင်းစဉ်) ဓာတ်ပုံမှတ်တမ်း -ခင်မောင်ဝင်း(ကြေးမုံ) စာမျက်နှာဖွဲ့စည်းမှု - ထိန်လင်း(မြန်မာ့အလင်း)

မိမိတို့သတင်းအဖွဲ့ဝင်များသည် မုန်တိုင်းဒဏ်ခံခဲ့ရသော ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ်အတွင်း နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့ စွမ်းအားစုသုံးရပ်၏ လက်တွဲညီညာစွာ ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ အလျင်အမြန် အကောင်အထည်ဖော် ဆောင်ရွက်နေမှုတို့ကို စာဖတ်ပရိသတ်များထံ တင်ပြနိုင်ရန် ဇွန် ၇ရက် နံနက်ပိုင်းတွင် ဒေးဒရဲမြို့သို့ ရောက်ရှိခဲ့ကြသည်။

ဒေးဒရဲမြို့နယ် ကျေးရွာများ ပြန်လည် တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဒေးဒရဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးအောင် ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ဒေးဒရဲတံတား

မိမိတို့ မြို့အဝင်သို့ရောက်သည်နှင့် ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်း မြို့နယ်နှင့် ဧရာဝတီတိုင်း ဒေးဒရဲ၊ဖျာပုံ၊ကျိုက်လတ်၊ဘိုကလေး မြို့နယ်များ၏ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက်များစွာအထောက်အကူပြုပေးနေသည့် ဒေးဒရဲတံတားကြီးက ငွားငွားစွင့်စွင့်ဖြင့် ဆီးကြိုနေသည်။

ဤသည်မှာမြန်မာပြည်မြောက်ဖျားမှ တောင်ဖျားသို့၊ အရှေ့မှ အနောက်သို့ အချိန်တိုအတွင်း ဒေသတစ်ခုနှင့်တစ်ခု ကူးလူးယှက်နွယ် ဆက်သွယ်သွားလာနိုင်ရေး အတွက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ အမြော်အမြင်ကြီးမားစွာလမ်းညွှန်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် သမိုင်းမော်ကွန်း ပြယုဂ်တစ်ခုပင်။

ဒေးဒရဲမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ပြန်လည်ပြုပြင်ပြီးစီးမှုကို ဤသို့တွေ့ရသည်။

ရှုန်းထနိုင်

ဤသို့ဖြင့် မည်သည့်ခေတ်နှင့်မျှ မတူအောင် ကိုယ့်ခွန်ကိုယ့်အားဖြင့်သာ ဧရာဝတီတိုင်းအတွင်းရှိ လမ်း၊ တံတားများကို ပန်းအလား ဖူးပွင့်စေနိုင်ခဲ့၍လည်း မုန်တိုင်းဒဏ်သင့် ဧရာဝတီတိုင်းအတွင်းရှိ မြို့နယ် အသီးသီး၏ ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများမှာ အချိန်တိုကာလအတွင်း ရှုန်းထနိုင်ခဲ့ခြင်းဖြစ်သည်ဟု သုံးသပ်ရပေမည်။

ဒေးဒရဲတံတားကြီးမှမြို့အတွင်း မျှော်ကြည့်မိသော်မုန်တိုင်း၏ဒဏ်ရာဒဏ်ချက်များမှာ ပျောက်ကင်းစ ပြုချေပြီ။ သာသနာ့ ဗိမာန်နှင့် သာသနိက အဆောက်အအုံများ၊ ရုံးများ၊ ကျောင်းများ၊ ဆေးရုံများ၊ လူနေအိမ်များအပါအဝင်အဆောက်အအုံများမှာ သွပ်ရောင် တပြောင်ပြောင်ဖြင့် မုန်တိုင်းကြားမှ နိုးထနိုင်ခဲ့သည်ကို တွေ့မြင်ရသည်။

ဒေးဒရဲမြို့နယ်ရှိ လေဘေးသင့် ကျေးရွာများတွင် အသုံးပြုရန်အတွက် လယ်ယာသုံး စက်ကိရိယာများ ရောက်ရှိလာစဉ်။ (သတင်းစဉ်)

ဖွံ့ဖြိုးရေး

မိမိတို့သတင်းအဖွဲ့ဝင်များသည် မြို့ပြန်လည်တည်ဆောက်ရေးနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ဒေးဒရဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးအောင်နှင့် တွေ့ဆုံမေးမြန်းခဲ့ရာ “မိမိတို့မြို့နယ်၏ အကျယ်အဝန်းမှာ (၄၀၁ ဒသမ ၇၁၄) စတုရန်းမိုင်၊ ရပ်ကွက် (၃)ခု၊ ကျေးရွာအုပ်စု (၉၀) စုစုပေါင်း ရပ်ကွက်/ကျေးရွာ အုပ်စုပေါင်း (၉၃)ခုရှိပြီး လူဦးရေ (၂၁၁၃၅၃)ဦးရှိကြောင်း၊ လေဘေးသင့် ပြည်သူများအတွက် ကယ်ဆယ်ရေးစခန်းများကို မြို့ပေါ်တွင် (၁၈)ခု၊ ကျေးရွာအုပ်စုများတွင် (၁)ခု စုစုပေါင်း (၁၉)ခု ဖွင့်လှစ်ထားရှိခဲ့ပြီး လေဘေးသင့် ပြည်သူ (၄၇၂၀)အား ကဏ္ဍအလိုက် ထောက်ပံ့ပေးခဲ့ကြောင်း၊ ဇွန်၇ရက်အထိ ဒေးဒရဲမြို့ပေါ်၌ စခန်း (၁)ခု၊ ကျုံ့ဒါးကျေးရွာ၌ (၁)ခု စုစုပေါင်း စခန်း(၂)ခုသာကျန်ရှိပြီးလေဘေးသင့်ပြည်သူ (၂၅၈)ဦးသာ ကျန်ရှိတော့ကြောင်း၊ မေ၂၀ရက်မှ စ၍ အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၏ အနီးကပ်ကြီးကြပ်ကွပ်ကဲမှုဖြင့် မြို့ ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း” ဖြင့် ရှင်းပြသည်။

ယင်းနောက် “လေဘေးသင့် ပြည်သူများအား ဆန်တန်ချိန် (၄၉၉ ဒသမ ၂၀) တန်နှင့် အခြားပစ္စည်း (၇၆၄) တန်တို့ကို ဖြန့်ဝေထောက်ပံ့ပေးခဲ့ပြီးဖြစ်ကြောင်း၊ ဒေးဒရဲမြို့နယ်အတွင်း ပြိုကျအိမ်ခြေ (၃၄၂၀၂)လုံး အနက် (၂၈၄၃၅)လုံး ပြုပြင်ပြီး ဖြစ်ကြောင်း၊ အမိုးလန်အိမ်ခြေ (၈၅၉၃) လုံးကိုလည်း အားလုံး ပြုပြင်ပြီး ဖြစ်ကြောင်း၊ တန်ဖိုးနည်းအိမ်ရာ (၅၉၅၀)လုံးဆောက်လုပ်ပေးရန်စီစဉ်ထားကြောင်း” ဖြင့် ပြောကြားသည်။

ထို့နောက် “မုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သော ဆန်စက် (၂၀) ကို ရာနှုန်းပြည့် ပြုပြင်နိုင်ခဲ့ပြီး ဆန်စက်ငယ် (၂၅၉) လုံးအနက် (၁၂၅)လုံးကို ပြုပြင်နိုင်ခဲ့ကာ ကျန်ရှိသည်များကို ဆက်လက်ပြုပြင်နေကြောင်း၊ ယခု ၂၀၀၈-၂၀၀၉မိုးစပါးစိုက်ပျိုးရာသီတွင် (၁၈၂၁၄၃)ဧက စိုက်ပျိုးရန် လျာထားရာ လယ်ယာ(၂၂) တစ်ဘီးမောင်း၊ လယ်ယာ(၁၆)နှင့် ဧရာ(၁) လက်တွန်းထွန်စက်များ ပံ့ပိုးပေးခဲ့ပြီး မျိုးစပါးများ၊ ကျွဲ၊ နွားများကို ဖြန့်ဝေပေးလျက်ရှိကြောင်း၊ ရေလုပ်ငန်း ပြန်လည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လှေ၊ ကျားပိုက်၊ မျှောပိုက်နှင့် ဘဝင်ပိုက်များကို ဖြန့်ဝေပေးရန် စီစဉ်လျက်ရှိကြောင်း” ဖြင့် ရှင်းလင်းပြောကြားသည်။

ပြုပြင်ဆောင်ရွက်

ဆက်လက်၍ “ဒင်ကုမ္ပဏီ Farmer Phoyarzar Co., Ltd. အပါအဝင် နိုင်ငံသားကုမ္ပဏီများကလည်း ကျောင်းများ၊ ရုံးများ၊ သာသနိက အဆောက်အအုံများကို ပြုပြင်ဆောင်ရွက်ပေးလျက်ရှိကြောင်း” ဖြင့် ပြောကြားသည်။

ပံ့ပိုးကူညီ

ဤသည်တို့မှာ မုန်တိုင်းဒဏ်သင့် ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့် ပြည်သူများအပေါ် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့၏ အချိန်နှင့်တစ်ပြေးညီပံ့ပိုးကူညီတည်ဆောက်ပြုပြင် ဆောင်ရွက်မှု တစ်စိတ်တစ်ဒေသ မြင်ကွင်းအချို့ပင် ဖြစ်ပေသည်။ ။

သာသနာ့ဗိမာန်နှင့် သာသနိက အဆောက်အအုံများ၊ ရုံးများ၊ ကျောင်းများ၊ ဆေးရုံများ၊ လူနေအိမ်များ အပါအဝင် အဆောက်အအုံများမှာ သွပ်ရောင် တပြောင်ပြောင်ဖြင့် မုန်တိုင်းကြားမှ နိုးထနိုင်ခဲ့သည်။

ပြန်လည် ပြုပြင်ပြီးစီး

ဧရာဝတီတိုင်း ဒေးဒရဲမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပြန်လည် ပြုပြင်ပြီးစီးမှုကို တွေ့ရစဉ်။

15-6 (12).pmd 1 6/15/2008, 2:40 AM

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် စစ်တွေ၌ ကျင်းပ

စစ်တွေ ဇွန် ၈

၂၀၀၈ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ဇွန် ၅ရက်နံနက်၉နာရီက စစ်တွေမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ် သန်းထွန်းအောင်နှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှင်းလင်းဆွေးနွေး

အခမ်းအနားတွင် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ် သန်းထွန်းအောင်က အမှာစကားပြောကြားပြီး ပြည်နယ်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်သော်၊ ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာချိုထွန်း၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးထွန်းနိုင်တို့က ကာဗွန်လျှော့ချထုတ်လုပ်ရေး အမူအကျင့်ကောင်းများ စွန့်လွှတ်ပေး ဆောင်ပုဒ်ကို ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

ကေတုမတီမြို့ နှစ်(၅၀၀)ပြည့် အထိမ်းအမှတ် အကြိုမဂ္ဂဇင်း ထုတ်ဝေရန် ညှိနှိုင်းဆွေးနွေး

တောင်ငူ ဇွန် ၇

တောင်ငူမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့မှ ဦးစီးထုတ်ဝေမည့် ဆရာကြီးမြကေတု၏ မွေးနေ့နှစ်(၁၀၀)ပြည့်နှင့် ကေတုမတီမြို့ နှစ်(၅၀၀)ပြည့် အထိမ်းအမှတ် အကြိုမဂ္ဂဇင်း ထုတ်ဝေနိုင်ရန် ညှိနှိုင်းဆွေးနွေးပွဲနှင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို မေ ၃၁ရက် မွန်းလွဲပိုင်းက တောင်ငူမြို့ ဗိုလ်မှူးဖိုးကွန်းလမ်းရှိ ရွှေနှင်းဆီစမွှမ်းမာန်၌ ကျင်းပသည်။

အခမ်းအနားတွင် တောင်ငူခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဦးတင်ဝင်း**(အပေါ်ပုံ)** နှင့် မြို့နယ်ဥက္ကဋ္ဌ ဦးတင်မောင်ဝင်း တို့က အမှာစကား ပြောကြားပြီး တောင်ငူမြို့နယ် စာပေနှင့်စာနယ်ဇင်း အဖွဲ့ ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး ဇော်ဝင်း(ငြိမ်း) (ကိုရေချမ်း-တောင်ငူ) က ကေတုမတီမဂ္ဂဇင်း ထုတ်ဝေမည့် ရည်ရွယ်ချက်များကို အကျယ်တဝင့် ရှင်းလင်း ပြောကြားသည်။

တာဝန်ပေး

ဆက်လက်ပြီး မဂ္ဂဇင်းထုတ်ဝေဖြန့်ချိရေးကိစ္စများနှင့် ပတ်သက်၍ ဦးစောငွေး(ထွေ/အုပ်-ငြိမ်း)၊ ဒေါက်တာခင်မောင်ချစ်(ဆန်းဟိန်း၊ဆေး-၁)၊ ဦးစိုးမြင့် (လွမ်းသစ္စာ-တောင်ငူ) ဦးလှအောင်(ကေသီရိ)နှင့် ဦးထွေးမောင်(မောင်ငြိမ်းငယ်)တို့က အကြံပြုဆွေးနွေးကြပြီး မဂ္ဂဇင်းထုတ်ဝေရေး ဦးစီးနာယကအဖွဲ့၊ဘဏ္ဍာငွေရှာဖွေရေးအဖွဲ့၊ ဖြန့်ချိရေးအဖွဲ့၊ စာရင်းစစ်အဖွဲ့၊ ထုတ်ဝေရေးနှင့် စာတည်းအဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်။

ပေးပို့နိုင်

မဂ္ဂဇင်းအတွက် စာမူများပေးပို့လိုသော စာမူရှင်များနှင့် ကြော်ငြာထည့်လိုသူများ ဇူလိုင် ၃၁ရက် နောက်ဆုံးထားပြီး ဥက္ကဋ္ဌ မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့(ယာယီရုံး) တောင်ငူမြို့ ဖုန်း-၀၅၄-၂၃၄၉၇သို့ လိပ်မူ၍ ဆက်သွယ် ပေးပို့နိုင်ကြောင်း သိရသည်။ (၀၄၇)

ရပ်စောက်မြို့ ရဿဝတီပန်းခြံအတွင်း သာယာလှပရေး လုပ်ငန်းများ ဆောင်ရွက်နေမှုကို မေ ၁၁ရက်က ရပ်စောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသစ်ထူးမြင့်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးတင်ဝမ်းမောင်တို့ ကြီးကြပ် ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

လားရှိုးမြို့ အကျဉ်းဦးစီးဌာန ပညာသင်စရိတ် ထောက်ပံ့ငွေ ပေးအပ်

လားရှိုး ဇွန် ၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ အကျဉ်းဦးစီးဌာန ၂၀၀၈-၂၀၀၉ နှစ်ဦးပညာသင်စရိတ် ထောက်ပံ့ငွေပေးအပ်ပွဲကို ဇွန်၁ရက် နံနက်၈နာရီက ဦးစီးဌာန ရတနာခန်းမ၌ ကျင်းပသည်။

ထောက်ပံ့

အခမ်းအနားတွင် အကျဉ်းဦးစီးဌာန တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးဝင်းက ပညာသင်ထောက်ပံ့ရခြင်း အကြောင်းကို ရှင်းလင်းပြောကြားပြီး တက္ကသိုလ်အဆင့် တစ်ဦးလျှင်ငွေကျပ် ၁၀၅၀၀ နှုန်းဖြင့် လေးဦး၊ အထက်တန်းအဆင့် တစ်ဦးလျှင်ငွေကျပ် ၈၅၀၀ နှုန်းဖြင့် ၁၁ ဦး၊ အလယ်တန်းအဆင့် တစ်ဦးလျှင် ငွေကျပ်၇၀၀၀နှုန်းဖြင့် ၁၈ဦး၊ မူလတန်းအဆင့် တစ်ဦးလျှင် ငွေကျပ် ၅၅၀၀နှုန်းဖြင့် ၂၇ဦး စုစုပေါင်းငွေကျပ်လေးသိန်း တစ်သောင်းကို လက်ထောက်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူတို့က ထောက်ပံ့ပေး အပ်ခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)** (၀၂၆)

သထုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသော အမှတ်(၁) ကျောင်းလမ်းပေါ်ရှိ အမှတ်(၃)တံတားအခင်း ကွန်ကရစ်လောင်းရန် ပြင်ဆင်မှုအခြေအနေကို မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမောင်ဝင်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးသန်းဦးတို့ ကြည့်ရှုစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်ခင်သင်းစုက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပြည်သူများ ကုသိုလ်တရားပွားများနိုင်ရန် မြန်မာနီးဗိသုကာပညာရှင်အဖွဲ့ (၃၆)ဆူမြောက် နီးဘုရားရက်လုပ်ပူဇော်

ဟိုပင် ဇွန် ၃

ကချင်ပြည်နယ် ဟိုပင်မြို့နယ် တကွင်းကျေးရွာ လွယ်ခမ်းဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ ပြည်သူများ ဗုဒ္ဓဘာသာ ကုသိုလ်တရား တိုးပွားစေရန်အတွက် မြန်မာနီးဗိသုကာ ပညာရှင်အဖွဲ့က ၃၆ ဆူမြောက် နီးဘုရားကြီး တစ်ဆူ ရက်လုပ်ပူဇော်ချီးမြှင့်ပေးသော နီးဘုရားကြီး ဗုဒ္ဓါဘိသေက မင်္ဂလာအနေကဇာတင်ပွဲနှင့် ဆွမ်းဆန်လောင်းလှူပွဲကို မေ၁၉ရက်(ကဆုန်လပြည့်နေ့) က တကွင်းကျေးရွာ လွယ်ခမ်းကျောင်း၌ စည်ကားစွာ ကျင်းပသည်။

အဆိုပါနီးဘုရားကြီးကို မတည်အလှူရှင် တကွင်းကျေးရွာမှ ဦးတင်မောင်ထူး၊ ဇနီးဒေါ်အေးလှမိသားစုနှင့်ခုနစ်ရက်သားသမီးများက အများပြည်သူ ဖူးမြော်နိုင်ရန် လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကမာရွတ်မြို့နယ် အင်းလျားလမ်း အမှတ်(၇၄-အေ)နေ ဦးကျော်တင်-ဒေါ်အေးအေးမှန် မိသားစုက ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် (ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလှူနာ (ကင်ဆာ) ဗဟိုရှိ ဆရာကြီး ဦးလှထွန်း **Memorial Hall** အတွက် ငွေကျပ်နှစ်သိန်း၊ ဖောင်ဒေးရှင်းအတွက် ငွေကျပ်တစ်သိန်း စုစုပေါင်း ငွေကျပ် သုံးသိန်းလှူဒါန်းရာ ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ပါရဂူဗိုလ်မှူးကြီးမျိုးညွန့်နှင့် ဒုတိယဥက္ကဋ္ဌ ဒေါ်ရီရီမြင့်တို့ လက်ခံယူစဉ်။ (က-ပ)

မြို့နယ် သတင်းများ

အင်းတော်၌ ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်းစည်းဝေး ကြက်ဆူ လျှာထားချက်ပြည့်မီအောင်တိုးစိုက်

အင်းတော် ဇွန် ၃

စစ်ကိုင်းတိုင်း ကသာခရိုင် အင်းတော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာဥက္ကဋ္ဌများနှင့် စာရေးဝန်ထမ်းများ လစဉ် ပုံမှန် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မေ ၃၀ ရက် နံနက် ၁၁ နာရီက မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေး

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ၂၀၀၈-၂၀၀၉ ခုနှစ် မိုးစပါး၊ နွေစပါး အထွက်တိုးအောင် ဆောင်ရွက်ရေး၊ ခြံစည်းရိုး ကြက်ဆူ မြို့နယ်လျာထားချက် ဧကပြည့်မီအောင် အရှိန်အဟုန်မြှင့် တိုးစိုက်ပျိုးရေး၊ မုန်တိုင်းသင့် ပြည်သူများအတွက် အလှူငွေများ ဒုတိယအကြိမ် ဆက်လက်လှူဒါန်းရေးတို့ကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ခံယူဆောင်ရွက်ကြရန်ဆွေးနွေး ပြောကြားကြောင်း သိရသည်။ **(၀၃၀)**

မြောက်ဥက္ကလာပမြို့နယ် (ဈ) ရပ်ကွက် မေဓာဝီလမ်းအမှတ်(၄၀၀)နေ ဦးအုန်းမောင်နှင့်ဇနီး ဒေါ်သန်းဌေး မိသားစုကဖမ္မူးအေး တိုက်အတွင်းရှိသဒ္ဓမ္မပါဠိဟသ်ာတပရိယတ္တိစာသင်တိုက်ကြီး ပြန်လည်ပြုပြင်ရန်နှင့်သုံးထပ်ကျောင်းဆောင်သစ် ပြန်လည်ဆောက်လုပ်ရန်အတွက် အလှူငွေကျပ်တစ်သိန်းကို ပဓာနနာယကဆရာတော် ဘဒ္ဒန္တပညာသိရီထံ လှူဒါန်းရာ သာသနာနုဂ္ဂဟ သဟပုညကာရီအဖွဲ့ဥက္ကဋ္ဌ ဦးစိုးသိမ်းနှင့်ဘဏ္ဍာရေးမှူး မိုရှာဆရာမိုးတို့ လက်ခံယူစဉ်။ (၁၁၈)

လေဘေးသင့်ခံရသော သံဃာတော်များအတွက် သက်န်းအစရှိသောလှူဖွယ်ပစ္စည်းများ ရေစက်ချလှူဒါန်း

နေပြည်တော်တပ်ကုန်း ဇွန် ၄

နေပြည်တော်တပ်ကုန်း မြို့ဦးပရိယတ္တိစာသင်တိုက် မြို့နယ်သံဃနာယကအဖွဲ့ရုံး၌ ကျင်းပသော လေဘေးသင့်ဒဏ်ခံရသော သံဃာတော်များအတွက် မြို့နယ်သံဃနာယကအဖွဲ့ဦးဆောင်၍ နေပြည်တော်တပ်ကုန်းမြို့နယ်လုံးရှိ ဘုန်းတော်ကြီး ကျောင်းများနှင့် ကုသိုလ်ရှင်တို့၏ သင်္ကန်းအစရှိသော လှူဒါန်းဖွယ်များ ရေစက်ချလှူဒါန်းပွဲအခမ်းအနားကို မေ၃၁ရက်က ကျင်းပသည်။

ပြောကြား

လှူဒါန်းပွဲတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက လှူဒါန်းလွှဲအပ်ရာ နေပြည်တော် သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် ခရိုင်သာသနာရေးမှူးတို့က အလှူခံယူကြသည်။ **(ယာပုံ)** ယင်းနောက် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေအောင်က သာသနာရေးဆိုင်ရာများလျှောက်ထားပြီး နေပြည်တော်သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးပြုံးချိုက ကျေးဇူးတင်စကား ပြောကြားကာ ရေစက်ချအမျှပေးဝေ၍ ဗုဒ္ဓသာသန် စိရံတိဋ္ဌတုဖြင့် အခမ်းအနားကို ရုပ်သိမ်းသည်။

အဆိုပါ လှူဒါန်းမှုတွင်ဝတ္ထုငွေကျပ် ၃၂၈၂၀၀နှင့် သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်း ၅၆ မျိုးအတွက်တန်ဖိုးငွေကျပ် ၅၅ သိန်းခန့် လှူဒါန်းခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အရှင်ကိတ္တိသာရအား ဂုဏဝိသိဋ္ဌပူဇော်

နွားထိုးကြီး ဇွန် ၅

နွားထိုးကြီးမြို့နယ် ဖလ်ကုန်းရွာမှ ဒေါက်တာဘွဲ့ရအရှင်ကိတ္တိသာရအား ဂုဏဝိသိဋ္ဌ မင်္ဂလာ ပူဇော်ပွဲအတွက် နွားထိုးကြီးမြို့တွင်း ကြိုဆိုပင့်ဆောင်ပွဲကို မေ ၁၇ ရက်က တပည့်ကျောင်းသားကျောင်းသူနှင့် ဒကာဒကာမများက ဦးစီးကျင်းပသည်။

ဒေါက်တာ အရှင်ကိတ္တိသာရသည် သာသနာတက္ကသိုလမဇ္ဈာစရိယ B.A(Hon)ကို လည်းကောင်း၊ သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့မှM.A (မဟာဝိဇ္ဇာ)ကိုလည်းကောင်း၊ အိန္ဒိယနိုင်ငံ မွန်ဘိုင်းတက္ကသိုလ်မှPh.Dဒေါက်တာဘွဲ့ကို လည်းကောင်း ရရှိတော်မူပြီးစင်ကာပူ၊ မလေးရှားမှတစ်ဆင့်မြန်မာနိုင်ငံသို့ သာသနာပြုရန် ပြန်လည်ကြွရောက်တော်မူခြင်း ဖြစ်သည်။ **(၀၉၂)**

ရန်ကင်း ပြည်သာယာ ရွှေပြည်ဟိန်းဆရာတော် စီမံလျက်ရှိသော လေဘေးသင့်ဒေသများ ကျန်းမာရေးစောင့်ရှောက်မှု အလှူအတွက် ဗဟန်း ရွှေတောင်ကြားလမ်းနေ ဒေါ်သီတာ၊ သား မောင်ထက်အောင်ကိုတို့၏ မွေးနေ့ကောင်းမှုအဖြစ်ငွေကျပ်ငါးသိန်း၊ ဒေါက်တာ ဒေါ်ခင်သက်ရီ၊ညီမဒေါ်ခိုင်ချိုသက်၊ သား မောင်အောင်ချို၊ မသန္တာထွေးတို့က ငွေကျပ် ၁၀ သိန်းကို ကျန်းမာရေး စောင့်ရှောက်မှုအတွက် ဆက်ကပ်လှူဒါန်းစဉ်။ (၁၁၇)

ယင်းမာပင်မြို့၌ စီမံကိန်းတာဝန်ပေးအပ်

ယင်းမာပင် ဇွန် ၃

မုံရွာခရိုင် ယင်းမာပင်မြို့နယ်၏ ၂၀၀၈ခုနှစ် မိုးသီးနှံတာဝန်ပေးအပ်ပွဲ အခမ်းအနားကို မေ ၃၀ ရက် နံနက် ၁၀ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ သာယာအေးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးစိုးလှိုင်နှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ရပ်ကွက်၊ကျေးရွာအုပ်စုဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်၊ကျေးရွာစာရေးများ တက်ရောက်ကြသည်။

ရှင်းလင်းဆွေးနွေး

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးစိုးလှိုင်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးမြင့်အောင်က မိုးစပါးအထူးအထွက်တိုးရေး နည်းလမ်းကောင်းများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးစိုးလှိုင်က စိုက်ပျိုးရေးစခန်းနယ်မြေအလိုက် စီမံကိန်းတာဝန်များ ပေးအပ်ခဲ့ကြောင်း သိရသည်။**(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

မြစ်ကြီးနား စည်ပင်သာယာရေးအဖွဲ့ ရာသီပန်းများ အစားထိုးစိုက်ပျိုး

မြစ်ကြီးနား ဇွန် ၃

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးဂျွန်စယ် ဦးဆောင်သော ဝန်ထမ်းများသည် မြစ်ကြီးနားမြို့ မြို့ ကျက် သ ရေ ဆောင် မြို့တော်ခန်းမအတွင်းနှင့် ပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ် သာယာလှပရေးအတွက် မေ၂၄ရက်ကသန့်ရှင်းရေး ဆောင်ရွက်ခြင်း၊ ရာသီပန်းများ အစားထိုး စိုက်ပျိုးခြင်းနှင့် မြို့တော်ခန်းမရှေ့ ရေမြောင်းများ ရေစီးရေလာ ကောင်းမွန်ရေးအတွက် အမှိုက်၊ နုန်းနှင့်ဒိုက်များဆယ်တင်ခြင်း လုပ်ငန်း ဆောင်ရွက်ရာ အင်ဂျင်နီယာမှူးဦးသိန်းမြင့်ကြီးကြပ်ပေးကြောင်းသိရသည်။ (မြို့နယ်စည်ပင်)

စီမံကိန်းရည်မှန်းချက်များ ကျောက်ပန်းတောင်း၌ တာဝန်ပေးအပ်

ကျောက်ပန်းတောင်း ဇွန် ၄

မန္တလေးတိုင်း မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ်၏ ၂၀၀၈-၂၀၀၉ ခုနှစ် စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ အခမ်းအနားကို မေ ၃၀ ရက် မွန်းလွဲ ၁၂ နာရီခွဲက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး စပါးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးအောင်မျိုးလွင်က မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းပြောကြားပြီး မြို့နယ်အတွင်းရေးမှူးဦးညီညီလတ်က စီမံကိန်းရည်မှန်းချက်များကို ရှင်းလင်းတင်ပြသည်။

လက်ခံယူ

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေး မန်နေဂျာ ဦးကြည်မြင့်က သီးနှံစုံစိုက်ပျိုးရေးဆိုင်ရာများ ရှင်းလင်းပြောကြားပြီး မြို့နယ်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက မြို့အလိုက်စီမံကိန်း ရည်မှန်းချက်များတာဝန်ကို ဌာနအလိုက် ပေးအပ်ကြရာ သက်ဆိုင်ရာတာဝန်ရှိသူများက လက်ခံယူကြောင်း သိရသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

ဘားအံမြို့၌ နွေရာသီ သင်တန်းဆင်း

ဘားအံ ဇွန် ၃

MCC HPa-am ၏ Professional KT & Business Training Center ၏ နွေရာသီသင်တန်းဆင်းပွဲနှင့်အောင်လက်မှတ် ချီးမြှင့်ပွဲကိုမေ၂၈ ရက် နံနက် ၁၀ နာရီက ဘားအံမြို့ ကန်သာဦးခန်းမ၌ ကျင်းပရာ ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်ဥက္ကဋ္ဌ ဦးစောမြတ်ထွဋ်ဝင်းနှင့် အဖွဲ့ဝင်များ၊ဘားအံမြို့နယ်စာပေနှင့်စာနယ်ဇင်း အဖွဲ့ဝင်များ တက်ရောက်ကြသည်။ **(၀၀၈)**

ကျောက်တန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို ဇွန် ၅ ရက်က ဆောင်ရွက်ရာ ဒုတိယဦးစီးမှူး (အခွန်) ဒေါ်မြင့်အေး ကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

တမူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးသန့်ခိုင်၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျန်းမာရေး ဝန်ထမ်းများနှင့်အတူ မြို့မဈေးအတွင်း အိုင်အိုဒင်းဆားရောင်းချမှုကို မေ ၁၀ ရက်က ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

တောင်ကြီး ဇီဝိတဒါနသံဃာ့ဆေးရုံသို့ အလှူငွေများ ပေးအပ်လှူဒါန်း

တောင်ကြီး ဇွန် ၁၁

ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့ဇီဝိတဒါနသံဃာ့ဆေးရုံအတွက် ဆေး ၊ဆွမ်းပဒေသာပင် အလှူငွေများ လာရောက်လှူဒါန်းလျက်ရှိရာ မေ၁၄ ရက်က ညောင်ရွှေမြို့နယ်တောင်ပို့ကြီး ကျေးရွာအုပ်စု ပေါင်းပိုင်းမွေတော်ပြည်လုံးချမ်းသာကျောင်း ဆရာတော် ဦးပဏ္ဍိတနှင့် တပည့် ဒါယကာများက ငွေကျပ်တစ်သိန်းငါးသောင်းကို လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးစိုင်းခမ်းလှိုင်နှင့် အုပ်ချုပ်ရေး အမှုဆောင် ဒေါက်တာဦးကြည်စိုးတို့က လက်ခံယူကြကြောင်း သိရသည်။ **(က-ပ)**

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- **မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။**
- **မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။**

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

＊ ပြည်တွင်းပြည်ပ ဆန့်ကျင်ဘက်များနှင့် အတ္တသမား၊ မသမာသူများသည် လေဘေး ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ မမှန်မကန် လုပ်ကြံသတင်းများ ဖန်တီးလျက် ဗီဒီယိုရိုက်ကူးပြီး ပြည်ပသတင်းဌာနများသို့ ပေးပို့ကာ ကိုယ်ကျိုးရှာလျက် ရှိကြသည်။

＊ လေဘေးသင့် ပြည်သူများအနေဖြင့် အတ္တသမား၊ မသမာသူများ၏ မသမာသော သွေးဆောင်မှုများကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် သတိထားရှောင်ရှားကြရန် နှိုးဆော်အပ်ပါသည်။

★ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင် လုပ်နေသည်

★ BBC ညာနေသည်

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

★ အဲဒီ ဝေသာလီပုဏ္ဏား (ကုန်းချောသွေးထိုးသူ)များ မယုံလေနဲ့ သတိထား

ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများနှင့်ပတ်သက်၍ အလွဲသုံးစားပြုမှုများ တွေ့ရှိပါက တိုင်ကြားနိုင်

လေဘေးသင့်ခံရသူများအတွက် ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးဖြောင့်သော သဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစားပြုခြင်းများကို တွေ့မြင်သိရှိပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန-

ရုံးအဖွဲ့မှူး	ဖုန်း-၀၆၇ ၄၀၄၀၂၁၊ ဖုန်း-၀၆၇ ၄၀၄၀၂၂ နှင့်
ဒုတိယရုံးအဖွဲ့မှူး	ဖုန်း-၀၉၈၆ ၀၁၀၀၂ တို့သို့ တိုင်ကြားနိုင်ပါသည်။